# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္လာနေ့။ Monday, 22 May 2017 (၈၉၃၂)


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

**အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံအကြား စီးပွားရေးသဘောတူစာချုပ်များ ချုပ်ဆို**

စာမျက်နှာ » ၄

**ပြည်သူအချင်းချင်း ချစ်ကြည်ရေးဟာ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်အရေးကြီးပြီး တန်ဖိုးရှိ**

စာမျက်နှာ » ၅

**ရေဦးမြို့တွင် ဝိဇ္ဇာဘာသာရပ်ရွေးချယ်မည့် ကျောင်းသားများအတွက် ဆရာ ဆရာမများ ခန့်ထားပေးပြီးဖြစ်**

စာမျက်နှာ » ၁၁

**ပခုက္ကူမြို့ နှစ်(၉၀၀)ပြည့် သီဟိုဠ်ရှင်စေတီတော်မြတ်ကြီးအား စိန်ဖူးတော်သစ်တင်လှူမည်**

စာမျက်နှာ » ၁၈

# ရန်ကုန်မြို့တွင်း ယာဉ်လိုင်းများအား စီးတီးဘတ်စ်များဖြင့်သာ ပြေးဆွဲမည်

ရန်ကုန် မေ ၂၁

**ရန်ကုန်မြို့တွင်း သီးသန့်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းများတွင် မေ ၂၅ ရက်မှစတင်၍ စီးတီးဘတ်စ်များဖြင့်သာ ပြေးဆွဲသွားမည်ဖြစ်ပြီး ယခုလအတွင်း ရောက်ရှိလာသော Foton ယာဉ်များဖြင့် မြို့တွင်း (၅၆) ယာဉ်လိုင်းတွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။**



အသစ်ရောက်ရှိလာသော Foton စီးတီးဘတ်စ်များအား တွေ့ရစဉ်။

မြို့တွင်းသီးသန့်ပြေးဆွဲနေသည့် ယာဉ်လိုင်း သုံးလိုင်းဖြစ်သော YBS (၅၆၊ ၅၇၊ ၅၈) ယာဉ်လိုင်းတို့တွင် မီနီဘတ်စ်များဖြင့် ပြေးဆွဲနေခြင်းကို မေ ၂၄ ရက် နောက်ဆုံးထားကာ အခြားသော YBS ယာဉ်လိုင်းများသို့ ပြောင်းရွှေ့ပြေးဆွဲရန် ယာဉ်လိုင်းများအား ညွှန်ကြားထားပြီးဖြစ်ပြီး စီးတီးဘတ်စ်ယာဉ်များဖြင့်သာ အဆိုပါ ယာဉ်လိုင်းများတွင် ဖြည့်စွက်ပြေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ကြေးမုံသတင်းစာနှင့် သီးခြားတွေ့ဆုံစဉ် ပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

**မီနီဘတ်စ်တွေဟာ ခရီးသည်လည်း သိပ်မဆံ့ဘူး။ စီးရတာလည်း အဆင်မပြေကြဘူးလို့ သိရတဲ့အတွက် စီးတီးဘတ်စ်တွေနဲ့ ပြေးဆွဲစေတာပါ။ နောက်ပိုင်းမှာ မြို့ထဲလိုင်းတွေကို Brand New ယာဉ်အသစ်တွေနဲ့ပဲ ပြေးဆွဲသွားဖို့ လျာထားပါတယ်။**

# ကမ်းလွန်ထောက်ပံ့ရေး အခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထား

**ရန်ကုန် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲ နံ့သာပုကျေးရွာအုပ်စုရှိ M & A OSB ကုမ္ပဏီပိုင် မြေဧက ၃၀ ပေါ်တွင် ကမ်းလွန်ရေနံလုပ်ကွက်များအတွက် ကမ်းလွန်ထောက်ပံ့ရေးအခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က သဘောတူခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ကမ်းလွန်ထောက်ပံ့ရေး အခြေစိုက်စခန်းတည်ဆောက်ရန်နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံခွင့်ကာလ နှစ် ၃၀ ရရှိပြီးဖြစ်ကာ စီမံကိန်းတစ်ခုလုံးအတွက် ငွေကျပ် ဘီလီယံ ၅၀ ခန့်ကို ရင်းနှီးမြှုပ်နှံသွားရန် လျာထားကြောင်း၊ ကနဦးစီမံကိန်းအချိန်ဇယားအရ ၂၀၁၇ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအတွင်း လုပ်ငန်းမြေနေရာကို ရှင်းလင်းပြုပြင်ခြင်းနှင့် ESIA အပါအဝင် Front End Engineering လုပ်ငန်းဆိုင်ရာ အသေးစိတ်အခြေအနေများကို ဆန်းစစ်လေ့လာမှုပြုမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအပိုင်းများအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု လုပ်ငန်းစီမံကိန်း၏ ပထမ ၁၀ နှစ်ကာလအတွင်း နိုင်ငံတော်က ငွေကျပ် ၂၅ ဘီလီယံကျော်ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါစခန်းတည်ဆောက်သည့်အတွက် ဒေသတွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူများအပါအဝင် နိုင်ငံသားများအတွက် နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံများရရှိမည်ဖြစ်ကာ နိုင်ငံတော်အစိုးရအပါအဝင် ကမ်းလွန်ရေနံရှာဖွေတူးဖော်ရေး အော်ပရေတာကုမ္ပဏီကြီးများအတွက် အချိန်နှင့် ကုန်ကျစရိတ်သက်သာစေခြင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးမားစွာအထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဟု သိရှိရသည်။

**(မောင်ဆွေ)**

■



ကြေးမုံ

# ငြိမ်းချမ်းခြင်းကို အတူတကွမျှဝေခံစား

လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားတိုင်း လူတန်းစေ့အေးချမ်း ပျော်ရွှင် လွတ်လပ်စွာနေထိုင်သင့်သည်။ အထူးသဖြင့် ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံတွင် လူတန်းစေ့အေးချမ်းပျော်ရွှင်စွာဖြင့် လွတ်လပ်မှုတ သည့် ခံစားခွင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အားလုံးမျှဝေခံစား သင့်သည်။ ယင်းသို့မျှဝေခံစားနိုင်ရန်အတွက် အဓိကအချက်မှာ ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးနေသည်မှာ လွတ်လပ်ရေးရပြီးသည်မှ စတင်မည်ဆိုလျှင် နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ လွတ်လပ်သည့် နိုင်ငံဟုဆိုသော်လည်း အချို့ဒေသရှိ နိုင်ငံသားများမှာ ဒုက္ခမျိုးစုံကြုံတွေ့ နေရဆဲဖြစ်သည်။ ဤနေရာဤဒေသများမှာ မငြိမ်းချမ်းသေးဟုဆိုနိုင် သည်။ မငြိမ်းချမ်းသေးဟုဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများရှိနေ သောကြောင့်ဖြစ်သည်။

အယူအဆမတူ၊ မူဝါဒကွဲ၊ ယုံကြည်မှု နည်းနေသောကြောင့် တိုင်းရင်းသားအချင်းချင်းပင် လက်နက်စွဲကိုင် ရန်တုံ့ပြန်နေဆဲပင်။ လွတ်လွပ်ရေးနှင့်အတူဖြစ်တည်လာခဲ့သော ဆိုးမွေများဟုဆိုကြသော် လည်း အမှန်တကယ်တွင် လူသာလျှင်ပဓာန၊ လူတို့၏ဆန္ဒမှာ အဓိက ပင်ဖြစ်သည်။ ဆိုးမွေ၊ ကောင်းမွေကို လူတို့ကပင်ဖန်တီးသည်။ အားလုံး တန်းတူညီမျှလွတ်လပ်စွာ နေထိုင်ရပ်တည်နိုင်သည့် ကောင်းမွေများမှာ ဒီမိုကရေစီခေတ်ကာလ၏ အခွင့်အရေးများပင်ဖြစ်သည်။

အာဏာရှင်ခေတ်ကာလများကို နှစ်ပေါင်းများစွာဖြတ်သန်းခဲ့ရ သဖြင့် ထိုကာလများတွင် အားလုံးတန်းတူညီမျှ လွတ်လပ်စွာနေထိုင် ရပ်တည်နိုင်သည့် ကောင်းမွေများ မရရှိနိုင်ဟုဆိုလျှင်လည်း လက်ခံနိုင် သည်။ ယခုဒီမိုကရေစီခေတ်ကာလတွင် အဆိုပါကောင်းမွေများကို ရရှိခဲ့စားနိုင်ပြီဖြစ်၍ အမွေကောင်းများဖြစ်ထွန်းလာအောင် ဝိုင်းဝန်း ဖန်တီးကြရမည်ဖြစ်သည်။

မတူကွဲပြားမှု၊ မယုံကြည်မှုများသည် မိမိတို့၏စိတ်ဆန္ဒ၊ မိမိတို့၏ ခံစားချက်များပင်ဖြစ်သည်။ ဆိုးမွေများသည် အချင်းချင်း တရားမျှတမှု မရှိခြင်းဟူသော ခံယူချက်ကြောင့်ဖြစ်ရမည်။ တရားမျှတမှုရရှိနိုင်သော ဒီမိုကရေစီခေတ်ကာလတွင် ယုံကြည်မှုတည်းဟူသော ခံယူချက်ကို ဦးစွာတည်ဆောက်သင့်သည်။ ပြီးလျှင် တိုင်းရင်းသား ပြည်သူအားလုံး အတွက် ကောင်းမွေတို့ကို တည်ဆောက်သင့်သည်။

တိုင်းရင်းသားအားလုံး တန်းတူညီမျှလွတ်လပ်သည့်အခွင့်အရေး များ ရရှိနိုင်သည့်စနစ်မှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တိုင်းရင်းသားအားလုံး လိုလားကြသည်။ ယနေ့ မြန်မာနိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ဖက်ဒရယ်ပြည်ထောင်စုကို လိုလားပါလျှင် အပြန်အလှန်ယုံကြည်မှုကို မဖြစ်မနေရယူကြရမည်။

ယခုပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပနေခြင်းသည် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နေခြင်း ဖြစ်သည်။ ပထမအကြိမ်ညီလာခံကို ကျင်းပပြီးနောက် ယခုဒုတိယအကြိမ် ညီလာခံကို စတင်ကျင်းပတော့မည်ဖြစ်သည်။ ညီလာခံကြီး၏ အနှစ်သာ ရမှာ တိုင်းရင်းသားပြည်သူအားလုံး မတူကွဲပြားမှုများဖြင့် အပြန်အလှန် ဆွေးနွေးဖလှယ်ကြရင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှုများ၊ နားလည်မှုများ တိုးပွားလာအောင် ကြိုးပမ်းခြင်းပင်ဖြစ်သည်။

ယုံကြည်မှုကိုတည်ဆောက်ရာတွင် အပြောစကားဖြင့် ကတိကဝတ် ပြုရုံမျှဖြင့် မလုံလောက်ချေ။ တစ်ဦးအပေါ် တစ်ဦးထားရှိသည့် ယုံကြည် မှုများ ရေရှည်ခိုင်မြဲလာစေရန် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီ၏ဂုဏ်သိက္ခာ၊ အခွင့်အရေး၊ တာဝန်ဝတ္တရား၊ တန်းတူညီမျှခြင်း စသည်တို့ကို ခိုင်ခိုင် မာမာ အာမခံချက်ရရှိအောင် ကျေကျေလည်လည် ဆောင်ရွက်သွား ရလိမ့်မည်ဟုယုံကြည်သည်။

ယုံကြည်မှုကိုတည်ဆောက်မှသာ ငြိမ်းချမ်းရေးရောင်ခြည်ရရှိမည်။ ငြိမ်းချမ်းရေးရရှိမှသာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မည်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှသာ ဒေသအားလုံးတွင် နေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများအားလုံး တရားဥပဒေစိုးမိုးမှုနှင့် အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်ရပ်တည်နိုင်မည့် ကောင်းမွေများ ကို ရရှိနိုင်မည်ဖြစ်သည်။ ။

Union Peace Conference - 21st Century Panglong - second session

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

## Union Peace Conference - 21st Century Panglong (Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

# ငြိမ်းချမ်းရေးအထိမ်းအမှတ်ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်း အဝေးကို ကြိုဆိုသောအားဖြင့် ကျင်းပမည့် ငြိမ်းချမ်းရေးအထိမ်း အမှတ်ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ပေါင်းစပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အထူးတန်း ပွဲကြည့်စင်ရှိ အစည်းအဝေးခန်း၌ ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူ၊ ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇေယျာသော်နှင့် တာဝန်ရှိသူ များ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ အားကစားနှင့် ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးသက်လွင်က ပြိုင်ပွဲ ဖြစ်မြောက်အောင် ဦးစီးဌာနအနေဖြင့် အဘက်ဘက်မှ အဆင်ပြေအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြား သည်။

ထို့နောက် ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌက ငြိမ်းချမ်းရေး အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဖြစ်မြောက်အောင် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ အဆင်ပြေ အောင် ကူညီပံ့ပိုးပေးကြစေလို ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇေယျာသော်က အခမ်းအနား တွင် ထည့်သွင်းပြုလုပ်မည့် စတုဒိသာ ကျွေးမွေးရေး၊ ဂီတအနုပညာရှင်များ ၏ ဖျော်ဖြေရေးနှင့် လက်ရွေးစင် ဘောလုံး အားကစားသမားဟောင်း များ၊ ဂီတအနုပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင် ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးပွဲစဉ် များ စနစ်တကျဖြစ်အောင် စီစဉ် ထားရှိမှုများနှင့် အဆိုပါပွဲသို့ မိဘ ပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက်ကြည့်ရှုအားပေးနိုင်ရေး တို့အား ရှင်းလင်းတင်ပြဆွေးနွေးရာ တက်ရောက်လာကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ လိုအပ်ချက် များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေ ရေး အစီအစဉ်များကို မေ ၂၄ ရက် ညနေ ၃ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသွား မည်ဖြစ်ပြီး မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# သင်ကြားရေးအရည်အသွေးမြှင့် ဆရာဖြစ်သင်တန်းမှ ပညာသင်ဆုပေးအပ်မည်

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်အောင်မြင်သော သင်ကြားရေး ဆရာ ဆရာမများ စွာ ပေါ်ထွန်းလာစေရန် သင်ကြားမှုအရည်အသွေးမြှင့်တင်ပေးမည့် သင်ကြား ရေး အရည်အသွေးမြှင့် ဆရာဖြစ်သင်တန်းအပတ်စဉ် (၃)ကို WISDOM Education Centre(WEC)မှ Certificate Courses နှင့် ဒီပလိုမာ Courses များဖြင့် မေ ၂၇ ရက်မှစတင်ကာ ပို့ချသွားမည်ရာ သင်တန်းတက်ရောက်ကြ သူများအား ပညာသင်ဆုပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းအား သင်ကြားရေး ဆရာ ဆရာမများအဖြစ် အလုပ် လုပ်ကိုင်နေကြသူများနှင့် သင်ကြားရေးထူးချွန်သော ဆရာ ဆရာမများအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုကြသည့် ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ တက္ကသိုလ် တက်ရောက်ဆဲ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြကြောင်း သိရသည်။

မြန်မာ့ပညာရေးလောကအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေမည့် ခေတ်မီသင်ကြားရေးနည်းစနစ်များ၊ သင်ထောက်ကူများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းစာတမ်းများဖြင့် စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပေးမည့် ဆရာ ဆရာမအရည်အသွေးမြှင့်သင်တန်းများကို ပညာရေး ဆိုင်ရာ ပါမောက္ခများ၊ ဝါရင့်သဘာရင့် ဆရာ ဆရာမကြီးများ၊ ကလေးသူငယ် သင်ကြားရေးနှင့် စိတ်ပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် စာတွေ့ လက်တွေ့ အထူးစီမံသင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်ကြားရေးဆိုင်ရာ Certificate ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကာ ပြည်တွင်းကိုယ်ပိုင်ကျောင်း များနှင့် သင်တန်းကျောင်းများအတွက် အထူးအစီအစဉ်များ စီစဉ်ထားကြောင်း သိရသည်။

ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများဖြစ်သည့် UK၊ USA၊ Singapore၊ Malaysia၊ Thailand နှင့် India နိုင်ငံများရှိ International University College များမှ အသိအမှတ်ပြုထားသော WEC မှ Certificate ရရှိထား သူများသည် ထိုနိုင်ငံများတွင် ဆရာ ဆရာမများအဖြစ် အလုပ်အကိုင်အခွင့် အလမ်းများရရှိမည်ဖြစ်ပြီး သင်ကြားရေး အရည်အသွေးမြှင့်သင်တန်းနှင့် ဆရာဖြစ်သင်တန်းအား မည်သူမဆို တက်ရောက်လိုပါက WISDOM Education Centre(WEC) ၏ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၈၄၃၇၇၈၂၊ ၀၉-၉၆၀၇၀၇၁၃၀ နှင့် ၀၉-၄၃၀၂၀၆၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြ ကြောင်းနှင့် မေ ၂၇ ရက်မတိုင်မီ သင်တန်းလာရောက် အပ်နှံကြသူများအတွက် ၁၀ ရာခိုင်နှုန်း ပညာသင်ဆု (Scholarship)ကို ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

**စိုး၀င်း(MLA)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဈေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှိုင်
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူနှင့်အတူ

## ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်ကျင်းပမည့် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမအား ကြည့်ရှုစစ်ဆေး



**တောင်ကြီး မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ကလေးစာပေပွဲတော်ကျင်းပမည့် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်ကျင်းပမည့် တောင်ကြီးတက္ကသိုလ်အတွင်းရှိ ဘက်စုံခန်းမအပါအဝင် ဆက်စပ်အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ယဉ်ယဉ်နွယ်နှင့် တောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

တောင်ကြီးမြို့ ကလေးစာပေပွဲတော်ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ငွေဆောင်မြို့နယ် ဘူးကွဲကြီးကျေးရွာ စာသင်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် မေ ၂၁**

DEVELOPER iGREEN မှ ငွေကျပ်သိန်း ၅၀၀ အကုန်အကျခံ တည်ဆောက်လှူဒါန်းသည့် စာသင်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့နယ် အမှတ်(၄) ရပ်ကွက် ဘူးကွဲကြီးကျေးရွာ အမှတ်(၁၁၁) အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း ပြုလုပ်သည်။

အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် DEVELOPER iGREEN မှ ဒါရိုက်တာ ဦးကျော်ကျော်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။



အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ်ပညာရေးရန်ပုံငွေများ ခွဲဝေချထားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှလည်း ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းများအတွက် အသုံးစရိတ်များ ခွဲဝေပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေရန် အခက်အခဲရှိသော ကလေးများအားလုံး ကျောင်းသို့ရောက်ရှိရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

iGREEN မှ ဒါရိုက်တာ ဦးကျော်ကျော်နိုင်က "ဒီမှာကျောင်းတက်တဲ့ကလေးတွေအတွက် ကျောင်းဆောင်လိုအပ်ချက်ရှိတာသိရတဲ့အတွက် ကျွန်တော်တို့ကုမ္ပဏီက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းဖို့ ဆုံးဖြတ်ခဲ့တယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီကနေ စဆောက်လုပ်ခဲ့တာ ဒီနှစ်ကျောင်းဖွင့်ရာသီအမီ ကျောင်းဆောင်သစ်ကို ပညာရေးဌာနကို လွှဲပြောင်းခဲ့တာပါ"ဟု ပြောသည်။

အမှတ်(၄)ရပ်ကွက် ဘူးကွဲကြီးကျေးရွာရှိ အမှတ်(၁၁၁) အခြေခံပညာမူလတန်းလွန်ကျောင်းသည် ယခင်က ကိုယ်ထူကိုယ်ထ ကျောင်းဆောင်သုံးဆောင်ရှိခဲ့ရာမှ ယနေ့ iGREEN ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသည့် (ပေ ၁၂၀ × ပေ ၃၀) stree structure တစ်ထပ်ကျောင်းဆောင်အပါအဝင် စုစုပေါင်း ကျောင်းဆောင်လေးဆောင်ရှိပြီ ဖြစ်ကြောင်းသိရပြီး အဆိုပါကျောင်းကို ၁၉၈၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ်သို့ တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိခဲ့ကာ လက်ရှိပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၃၉ ဦးရှိကြောင်း သိရသည်။

အမှတ်(၁၁၁) အခြေခံပညာမူလွန်ကျောင်းအုပ် ဦးမျိုးမြင့်အောင်က "ကျောင်းသားတွေက တစ်နှစ်တစ်နှစ်များလာတော့ စာသင်ဆောင်တွေက လိုအပ်နေတာ၊ ကျောင်းသားများတော့ ရှိတဲ့အဆောင်နဲ့ မလောက်ဘူး၊ အခုပညာရေးစနစ်ပြောင်းသွားပြီဆိုတော့ ပြောင်းလာတဲ့အခြေအနေနဲ့ လက်ရှိစာသင်ဆောင်နဲ့က အဆင်မပြေဘူး၊ ကျောင်းရဲ့လိုအပ်ချက်တွေ အများကြီးရှိတဲ့အထဲမှာ လိုအပ်တဲ့ကွက်လပ်ကို အလှူရှင်တွေက ဖြည့်ဆည်းပေးတော့ ဝမ်းသာစရာပေါ့"ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး ညွှန်ကြားရေးမှူး စီမံ/ဘဏ္ဍာ ဦးဝင်းမောင်က "အဆောက်အအုံလိုအပ်ချက်တွေက တော်တော်များများရှိတယ်။ လိုအပ်နေတဲ့အပေါ်မှာ နှစ်တိုင်းလည်း ပြည်ထောင်စုဝန်ကြီးဌာနဘတ်ဂျက်နဲ့ တိုးချဲ့ဆောက်လုပ်ပေးနေပါတယ်။ ပရိဘောဂတွေ ဖြည့်ဆည်းပေးနေတာရှိတယ်၊ ပြင်ဖို့လိုတဲ့ကျောင်းတွေ ပြင်ပေးနေတာလည်းရှိတယ်။ ဘတ်ဂျက်ကတော့ နှစ်တိုင်း ဦးစားပေးအစီအစဉ်နဲ့ လုပ်တဲ့အခါမှာ လိုအပ်တဲ့ကျောင်းအကုန်လုံးကို တစ်နှစ်တည်းမှာ ပြီးအောင်လုပ်မပေးနိုင်တာလည်းရှိတယ်။ ရေရှည်လုပ်သွားရမယ့်အထဲမှာ လိုနေတဲ့ကျောင်းလေးတွေကို အလှူရှင်တွေကနေ တစ်တပ်တစ်အားပါဝင်ပြီး ဆောက်လုပ်လှူဒါန်းပေးတဲ့အတွက်ကြောင့် တိုင်းဒေသကြီး ပညာရေးဌာနအနေနဲ့ ဝမ်းမြောက်မိတယ်"ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံပညာအထက်တန်းကျောင်း ၂၄၁ ကျောင်း၊ အလယ်တန်းကျောင်း ၂၉၆ ကျောင်းနှင့် မူလတန်းကျောင်း ၆၁၀၂ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သီသီမင်း**

**ရှေ့ဖုံးမှ**

"အခု အသစ်ရောက်လာတဲ့ ပြည်သူ့ရင်ပြင်ထဲက Foton ကားတွေက မေ ၂၅ ရက်ကစပြီး မြို့တွင်း ၅၆ ယာဉ်လိုင်းမှာ စတင်ပြေးဆွဲမှာပါ။ မြို့တွင်းမှာ စီးတီးဘတ်စ်တွေနဲ့ပဲ အစားထိုးပြေးဆွဲသွားမှာပါ။ မီနီဘတ်စ်တွေဟာ ခရီးသည်လည်း သိပ်မဆံ့ဘူး၊ စီးရတာလည်း အဆင်မပြေကြဘူးလို့ သိရတဲ့အတွက် စီးတီးဘတ်စ်တွေနဲ့ ပြေးဆွဲစေတာပါ။ နောက်ပိုင်းမှာ မြို့ထဲလိုင်းတွေကို Brand New ယာဉ်အသစ်တွေနဲ့ပဲ ပြေးဆွဲသွားဖို့ကိုလည်း လျာထားပါတယ်"ဟု ဒေါက်တာ မောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲရန်အတွက် ခရီးသည်တင်ယာဉ်အသစ်များကို တရုတ်နိုင်ငံမှ အစိုးရချင်းချိတ်ဆက်မှုစနစ်ဖြင့် အစီး ၁၀၀၀ ကို တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဝယ်ယူထားမှုမှာ မကြာမီ ရောက်ရှိလာမည်ဖြစ်ပြီး ယာဉ်လိုင်းလိုအပ်ချက်အပေါ် မူတည်၍ ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲသွားမည်ဟု သိရသည်။ ယင်းအပြင် ပုဂ္ဂလိက ယာဉ်လိုင်းကုမ္ပဏီများက တင်သွင်းလာသည့် ယာဉ်များသည်လည်း YBS ယာဉ်လိုင်းများတွင် ပြေးဆွဲသွားမည်ဖြစ်ရာ Foton စီးတီးဘတ်စ်များကို မြို့တွင်းယာဉ်လိုင်းတွင် စတင်ထည့်သွင်းပြေးဆွဲသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ **(၀၀၁)**

## ရွှေဘိုဒေသတွင် လယ်သမားများ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေရရှိရေး မျှော်လင့်နေ

**ရွှေဘို မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသရှိ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားကြသော တောင်သူလယ်သမားအများစုမှာ စိုက်ပျိုးစရိတ်ချေးငွေ အကြွေးကျေကြသော်လည်း ထပ်မံ ပြန်လည်ထုတ်ချေးမှု မရှိသေး၍ လယ်သမားများက မိုးရာသီချေးငွေရရှိရေး မျှော်လင့်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

ရွှေဘိုခရိုင်၌ နွေစပါး ထပ်မံစိုက်ပျိုးနေမှုကြောင့်လည်းကောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ထုတ်ချေးမှု မရှိသေး၍ ကြောင့်လည်းကောင်း လယ်သမားများ နွေစပါးစိုက်ပျိုးစရိတ် အခက်တွေ့နေကြ၍ စိုက်ပျိုးစရိတ်ချေးငွေ အကြွေးကျေ လယ်သမားများက မိုးရာသီချေးငွေရရှိရေး မျှော်လင့်နေကြသည်။

ရွှေဘိုခရိုင်ဒေသတွင် နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးလယ်မြေဧကပေါင်း သုံးသိန်းခွဲကျော် စိုက်ပျိုးထားလျက်ရှိသည်။ ခင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ပြီးခဲ့သည့် မိုးရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေကို တောင်သူပေါင်း ၁၈၄၉၆ ဦးတို့အား ငွေကျပ်သိန်းပေါင်း ၁၃၃၉၂၇ ဒသမ ၉၀ ထုတ်ချေးပေးခဲ့ရာ ပြန်လည်ပေးဆပ်ကာလ ယနေ့ထိ ပြန်လည်ပေးဆပ်မှုရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း သိရသည်။ **(ရောင်နီတင်ဝင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံအကြား စီးပွားရေးသဘောတူစာချုပ်များ ချုပ်ဆို

**ဝါရှင်တန် မေ ၂၁**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်သည် သူ၏ခရီးစဉ်ကို ဆော်ဒီအာရေဗျနိုင်ငံတွင် ခရီးတစ်ထောက်နားပြီး နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီးပွားရေး သဘောတူညီမှု စာချုပ်များ ချုပ်ဆိုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါစီးပွားရေးသဘောတူညီမှုများက နှစ်နိုင်ငံစလုံး အတွက် အလုပ်အကိုင်ထောင်ပေါင်းများစွာ ဖန်တီးပေး နိုင်မည်ဖြစ်ကြောင်း သမ္မတထရန့်က မီဒီယာသို့ ပြောကြား ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ ဆိုက်ရောက်ခဲ့သည့်အခါတွင် အမေရိကန် သမ္မတ ဒေါ်နယ်လ်ထရန့်အား တော်ဝင်အခမ်း အနားဖြင့် ကြိုဆိုခဲ့ကြောင်း သိရသည်။ သမ္မတထရန့်က ဆော်ဒီဘုရင် ဆယ်လ်မန် ဘင် အဗ္ဗဒူလာဇစ်နှင့် တော်ဝင် မိသားစုဝင်များအား တွေ့ဆုံခဲ့ပြီးနောက် ဂုဏ်ပြုညစာ သုံးဆောင်ခဲ့သည်။

သမ္မတထရန့်နှင့် ဆော်ဒီဘုရင်တို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ကာကွယ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကာ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည် နွေးထွေးစေရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဒေါ်လာ ၁၁၀ ဘီလီယံတန်ဖိုးရှိ လက်နက်ခဲယမ်း များနှင့် ကာကွယ်ရေးကဏ္ဍသုံး ပစ္စည်းများ ရောင်းဝယ်ရေး ဆိုင်ရာကိစ္စရပ်များကို ခေါင်းဆောင် နှစ်ဦးက သဘောတူ ညီခဲ့ကြကြောင်း အိမ်ဖြူတော်တာဝန်ရှိသူများက ပြောကြား ခဲ့သည်။ အဆိုပါ လက်နက်ခဲယမ်း ရောင်းချမှုတွင် THAAD နည်းပညာမြင့် ဒုံးခွင်းဒုံးများလည်း ပါဝင်သည်။

အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံ့ခေါင်းဆောင်



များက အီရန်နိုင်ငံအား ကဏ္ဍစုံတွင် ရင်ဆိုင်နိုင်ရေးအတွက် ကာကွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ကြရန် သဘောတူညီခဲ့ကြသည်။

ဆော်ဒီအာရေဗျနှင့် အမေရိကန်ကိုယ်စားလှယ်များက ဒေါ်လာ ဘီလီယံ ၂၀၀ နီးပါးရှိသော စီမံကိန်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများက ဆိုသည်။

ဆော်ဒီနိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သည့် ဆော်ဒီအာရာမ်ကိုက အမေရိကန်ကုမ္ပဏီ ၁၁ ခုနှင့် ဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးရှိ စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက် ရေးအတွက် သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြသည်။

ဆော်ဒီပြည်သူ့ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေလုပ်ငန်းက အမေရိကန်နိုင်ငံတွင် အခြေခံအဆောက်အအုံစီမံကိန်း များအတွက် ရန်ပုံငွေတစ်ရပ်အဖြစ် ဒေါ်လာ ဘီလီယံ ၂၀ ကို ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမေရိကန် ကုမ္ပဏီ Blackstone က ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

## မြေကမ္ဘာလေ့လာရေးဂြိုဟ်တုတစ်လုံးကို အမေရိကန်နှင့် အိန္ဒိယ ပူးတွဲတည်ဆောက်မည်

**နယူးဒေလီ မေ ၂၁**
အမေရိကန်အာကာသအေဂျင်စီ(နာဆာ)နှင့် အိန္ဒိယ အာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)တို့သည် မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုတစ်လုံးကို ပူးတွဲထုတ်လုပ် ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် ထုတ်လုပ်ဖူးသမျှ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုများအနက် ကုန်ကျစရိတ်အကြီးမားဆုံး ဂြိုဟ်တု တစ်လုံးကို တည်ဆောက်နိုင်ရန် နာဆာနှင့် အိုင်အက်စ်အာရ် အိုတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ Synthetic Aperture Radar အမည်ရှိ ဂြိုဟ်တု တည်ဆောက် ရေးအတွက် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအထိ ကျခံသုံးစွဲရမည်ဟု ခန့်မှန်းရသည်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံအကြား အာကာသသိပ္ပံ ရေးရာပူးပေါင်းဆောင်ရွက်မှုများအနက် အကြီးဆုံး ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် NISAR ဟု အမည် ပေးထားသော မြေကမ္ဘာလေ့လာရေး ဂြိုဟ်တုတစ်လုံးကို ပူးတွဲထုတ်လုပ်သွားမည်ဖြစ်ကြောင်း အဆိုပါဂြိုဟ်တု ထုတ်လုပ်ရေးစီမံကိန်း၌ ပါဝင်လုပ်ကိုင်မည့် သိပ္ပံ ပညာရှင်တစ်ဦးဖြစ်သူ ပေါလ်အေရိုဆန်က အိန္ဒိယ အင်န်ဒီတီဗွီရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

အဆိုပါ ဂြိုဟ်တုကို ၂၀၂၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံက လွှတ်တင်ရန် စီစဉ်ထားသည်။ ယင်းဂြိုဟ်တုကို အသုံး ပြု၍ သိပ္ပံပညာရှင်များက မြေကမ္ဘာနှင့် သက်ဆိုင်နေသော လေ့လာမှုများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်သွားနိုင်ရန် အာကာသမှ ရိုက်ကူးသည့် ဓာတ်ပုံများကို ထုတ်လုပ် နိုင်မည်ဖြစ်သည်။ **ပီတီအိုင်။**

## အမေရိကန်ပါဝင်ခြင်းမရှိတော့သည့် တီပီပီစာချုပ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး နည်းလမ်းရှာဖွေမည်

**ဟန်နွိုင်း မေ ၂၁**
ပစိဖိတ်သမုဒ္ဒရာတစ်ဖက်တစ်ချက်ရှိ နိုင်ငံများ၏ ကုန်သွယ်ရေးမိတ်ဖက်ပြုရေး သဘောတူညီချက်(တီပီပီ)စာချုပ်တွင် အမေရိကန်ပါဝင်ခြင်းမရှိတော့ သော်လည်း ယင်းသဘောတူညီချက်အား ဆက်လက်အကောင်အထည် ဖော်နိုင်မည့် နည်းလမ်းများကို လေ့လာဖော်ထုတ်နိုင်ရန် ဆက်လက်ဆောင် ရွက်ကြမည်ဟု မိမိတို့သဘောတူညီခဲ့ကြကြောင်း မက္ကဆီကိုနှင့် နယူးဇီလန် နိုင်ငံတို့မှ ဝန်ကြီးများက မေ ၂၁ ရက်တွင် ပြောကြားကြသည်။

ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့၌ အာရှ-ပစိဖိတ်ဒေသစီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(အေပက်)ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပစဉ်ကာလ အတွင်း သီးခြားဆွေးနွေးပွဲတစ်ရပ်အဖြစ် တီပီပီနိုင်ငံများ၏ ဆွေးနွေးပွဲကို ကျင်းပခဲ့ရာတွင် အမေရိကန်က ပါဝင်တက်ရောက်ခြင်း မရှိသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် တီပီပီ-၁၁ ဟု အလွတ်သဘော ခေါ်တွင်သည့် နိုင်ငံများသည် ကုန်သွယ်ရေးဝန်ကြီးများ၏အစည်းအဝေးကို ဟန်နွိုင်းတွင် ကျင်းပခဲ့သည်။

အမေရိကန် နုတ်ထွက်သွားသော တီပီပီစာချုပ်ကို ကျန်ရှိနေသော အဖွဲ့ဝင် ၁၁ နိုင်ငံက ဆက်လက်အကောင်အထည်ဖော်နိုင်မည့် နည်းလမ်း များနှင့် ပတ်သက်၍ မိမိတို့လေ့လာသွားကြမည်ဖြစ်ကြောင်း နယူးဇီလန် ကုန်သွယ်ရေးဝန်ကြီး တော့ဒ် မက္ကလေးက မက္ကဆီကို စီးပွားရေးဝန်ကြီး အီတီဖွန်ဆိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

**ရိုက်တာ**

## ပြည်သူများ၏ထောက်ခံမဲ အပြတ်အသတ်ရရှိကာ အီရန်သမ္မတအဖြစ် ရူဟာနီ ပြန်လည်ရွေးကောက်ခံရ

**တီဟီရန် မေ ၂၁**
အီရန်နိုင်ငံတွင် ကျင်းပသော သမ္မတ ရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဟာဆန် ရူဟာနီ ပြန်လည်ရွေးချယ် တင်မြှောက်ခံရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်တွင်း၌ နိုင်ငံသားလွတ်လပ်ခွင့် များ ပိုမိုရရှိရေး၊ ပြည်ပ၌ အထီးကျန် နိုင်ငံအဖြစ် ရပ်တည်နေရခြင်းမှ



ကျော်လွှားလွတ်မြောက်ရေးတို့အတွက် စိတ်ဆန္ဒပြင်းပြလျက်ရှိကြသော အီရန် ပြည်သူများက အလယ်အလတ် သဘောထားရှိသော လက်ရှိသမ္မတ ရူဟာနီအား ထောက်ခံမဲ အပြတ် အသတ်ပေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြထားသည်။

အနောက်အုပ်စု နိုင်ငံများနှင့် တင်းမာမှုလျှော့ပါးစေရေးအတွက် ကြိုးပမ်းအားထုတ်နိုင်ခဲ့သူ ရူဟာနီသည် သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၅၈ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့ပြီး ၎င်း၏ အဓိက ပြိုင်ဘက် အီဘရာဟင်ရေစီက ထောက်ခံမဲ ၃၉ ဒသမ ၈ ရာခိုင်နှုန်းရရှိခဲ့သည်။ ရေစီသည် သဘောထားတင်းမာသော တရားသူကြီးတစ်ဦးဖြစ်သည်။

သမ္မတရူဟာနီ ပြန်လည် ရွေးချယ် တင်မြှောက်ခံရခြင်းသည် ပြုပြင်ပြောင်းလဲရေးလိုလားသူတစ်ဦး နိုင်ငံရေးအခွင့်အာဏာ အပ်နှင်းခံ ရမှုအဖြစ် ရှုမြင်ကြသည်။

ရူဟာနီ ပြန်လည်ရွေးချယ်တင် မြှောက်ခံရခြင်းဖြင့် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ရူဟာနီအစိုးရအဖွဲ့တို့ ရရှိခဲ့သော နျူကလီးယား သဘောတူညီချက် ပိုမို အသက်ဝင်လာစေရန် တွန်းအား ဖြစ်စေမည်ဖြစ်ကြောင်း၊ ယင်းသဘော တူညီချက်အရ အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ ပေးနိုင်ခဲ့ကြောင်း နိုင်ငံရေး အကဲခတ် များက ပြောကြားကြသည်။ **ရိုက်တာ။**



## ပေနှစ်ထောင်နီးပါးမြင့်သည့် မိုးမျှော်တိုက်ကို တောင်ကိုရီးယားအမျိုးသမီးတစ်ဦး တက်ရောက်နိုင်ခဲ့

**ဆိုးလ် မေ ၂၁**
တောင်ကိုရီးယားအမျိုးသမီးတစ်ဦးသည် တောင်ကိုရီးယား နိုင်ငံ၏ အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် The Lotte World Tower မိုးမျှော်တိုက်ကို လက်ဗလာချည်း သက်သက်ဖြင့် တတ်ရောက်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ကင်ဂျာအင်ဆိုသူ အမျိုးသမီးက ၅၅၅ မီတာ(ပေ နှစ်ထောင်နီးပါး) အမြင့်ရှိသော မိုးမျှော်တိုက်ကို မေ ၂၀ ရက်တွင် ၂ နာရီ ၂၉ မိနစ်အတွင်း တက်ရောက်နိုင်ခဲ့ သည်။ တက်ရောက်စဉ် သူ၏ခါးကို ကြိုးတစ်ချောင်းဖြင့်သာ ချည်နှောင်ထားခဲ့သည်။

အထပ်ပေါင်း ၁၂၃ ထပ်ရှိသည့် မိုးမျှော်တိုက်ကို ကင်ဂျာအင်တက်ရောက်နေစဉ် ရုပ်သံဗီဒီယိုလိုင်းများက တိုက်ရိုက်တင်ဆက်ပေးခဲ့သည်။ ၄၂ ကီလိုဂရမ် အလေးချိန်ရှိပြီး ၁၅၃ စင်တီမီတာ အမြင့်ပေရှိသည့် ကင်ဂျာအင်က တောင်တက်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်အများအပြား ဆွတ်ခူးရရှိခဲ့သူ ဖြစ်သည်။

အရှုံးပေးမည့်အရေး ဘယ်တော့မှ စဉ်းစားလေ့မရှိ ကြောင်းနှင့် သူ၏အောင်မြင်မှုများက အခြားသူများ အတွက် အားဆေးတစ်ခွက်ဖြစ်စေရန် မျှော်လင့်ပါကြောင်း ကင်ဂျာအင်က ဆိုသည်။ ၂၀၂၀ တိုကျို အိုလံပစ်နှင့် ပါရာလံပစ်ပြိုင်ပွဲများတွင် တောင်တက်အားကစားကို ထည့်သွင်းမည်ဆိုပါက ကင် အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ပြည်သူအချင်းချင်းချစ်ကြည်ရေးဟာ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်အရေးကြီးပြီး တန်ဖိုးရှိ

The Global New Light of Myanmar သတင်းစာတွင် မေ ၂၁ ရက်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်-

**ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး**

မေး- မြန်မာနိုင်ငံမြောက်ပိုင်းက ပဋိပက္ခတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ပြောင်းလွယ်ပြင်လွယ်ရှိသော ကိုင်တွယ်ဖြေရှင်းနည်းနဲ့ပတ်သက်ပြီး လူကြီးမင်းက ပြောဆိုခဲ့ပါတယ်။ နယ်စပ်ဒေသမှာလည်း တပ်တွေချထားတာရှိနေပါတယ်။ လူကြီးမင်းရဲ့ ထင်မြင်ချက်တွေနဲ့ မျှော်လင့်ချက်တွေက ဘာတွေဖြစ်မလဲ။ ဒါဟာ ကောင်းမွန်တဲ့ ရလဒ်တစ်ခု ဖြစ်မလား၊ ဒါမှမဟုတ် ဆက်လက်ဖြစ်ပွားနေတဲ့ပဋိပက္ခတွေကြောင့် ဘယ်လိုအကျိုးဆက်တွေ ပေါ်ပေါက်လာနိုင်မလဲ။

ဖြေ- တရုတ်နိုင်ငံက ပဋိပက္ခတွေ အများကြီးကြုံတွေ့ခဲ့ပါတယ်။ မြန်မာနိုင်ငံလည်း ပဋိပက္ခတွေ အများကြီးကြုံတွေ့ခဲ့ပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်းမှာ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူတွေအများအပြားကို ခင်ဗျားတို့မြင်တွေ့ကြရမှာပါ။ ပြည်သူတွေ ဒုက္ခကြုံတွေ့နေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အတွက် အရေးအကြီးဆုံးအလုပ်ကတော့ ပဋိပက္ခတွေ ရပ်တန့်ဖို့နဲ့ ဆွေးနွေးမှုတွေ ပြန်လည်စတင်ဖို့ဖြစ်ပါတယ်။

### မရှိမဖြစ်လိုအပ်

သက်ဆိုင်တဲ့အဖွဲ့အစည်းတွေက ဆွေးနွေးမှု လုပ်ရိုးလုပ်စဉ်အပေါ် ဘယ်လိုကြိုတင်သတ်မှတ်ချက်မျိုးမှ မထားရှိဘူးလို့ မျှော်လင့်ပါတယ်။ ဆွေးနွေးမှုစတင်မှသာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အချင်းချင်းသိလာနိုင်ပြီး သူတို့အချင်းချင်းအကြား အပြန်အလှန်နားလည်မှု တိုးတက်လာမယ်၊ တဖြည်းဖြည်း အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးကို ရှေ့ဆက်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါဟာ မရှိမဖြစ်လိုအပ်ပါတယ်။

ကျွန်တော်တို့ နယ်စပ်ဒေသမှာ တပ်တွေချထားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ တရုတ်ပြည်သူတွေရဲ့ဖိအားပေးမှုတွေကို ရင်ဆိုင်နေရပါတယ်။ ကိုယ့်ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပြီး ပြည်သူတွေရဲ့ ဘေးကင်းလုံခြုံရေးအတွက် အလေးထားရမှာဖြစ်ပါတယ်။

မေး- ဒီနယ်မြေမှာ နယ်စပ်ကုန်သွယ်ရေးက နှစ်နိုင်ငံစလုံးအတွက် အလွန်ကိုအရေးကြီးပါတယ်။ ပဋိပက္ခတွေကို ရပ်တန့်နိုင်ခဲ့မယ်ဆိုရင် နယ်စပ်ကုန်သွယ်ရေးကို သေချာပေါက် တိုးမြှင့်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘယ်လိုထင်မြင်ယူဆပါသလဲ။

ဖြေ- မနှစ်ကနဲ့ ဒီနှစ်မှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေက နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအပေါ် အပျက်သဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်။ တရုတ်နိုင်ငံရော၊ မြန်မာနိုင်ငံမှာပါ ဒုက္ခများစွာကြုံတွေ့ခဲ့ရပါတယ်။ ပဋိပက္ခတွေရပ်တန့်ဖို့နဲ့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုစီးဆင်းမှု အဆင်ပြေချောမွေ့နေမှုကို ထိန်းသိမ်းဖို့ လက်တွဲလုပ်ဆောင်ဖို့ အလွန်ကိုအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ နှစ်နိုင်ငံပြည်သူတွေရဲ့ အခြေခံကျတဲ့ အကျိုးစီးပွားနဲ့အညီဖြစ်ပါတယ်။

မေး - နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေမယ့် အစီအစဉ်တွေကို ပြောပြပေးစေလိုပါတယ်။ Belt and Road Forum အတွင်း လက်မှတ်ရေးထိုးခဲ့တဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွေနဲ့ ပတ်သက်ပြီးလည်း သိလိုပါတယ်။

ဖြေ- Belt and Road Forum ကာလအတွင်း ကျွန်တော်တို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နဲ့ နားလည်မှုစာချွန်လွှာ စုစုပေါင်း ငါးခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ယွမ်ငွေ သန်း ၅၀၀ အကူအညီပေးမယ့် စီးပွားရေးနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးပိုးလမ်းမ ရပ်ဝန်းတစ်ခုနဲ့ (၂၁)ရာစု ရေကြောင်းဆိုင်ရာ ပိုးလမ်းမ ရပ်ဝန်းတစ်ခု စီမံချက်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့တဲ့ ပုဂံရှိ သမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ စုစုပေါင်း ငါးခုကို



မစ္စတာ ဟုန်လျန်
(မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး)

လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ဒီနားလည်မှုစာချွန်လွှာတွေက ကျွန်တော်တို့ရဲ့ အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်ကိုအရေးကြီးပြီး နယ်ပယ်ကဏ္ဍစုံပါဝင်ပါတယ်။

### မိတ်ဆွေကောင်းနိုင်ငံ

ချစ်ကြည်ရေး အထူးသဖြင့် ပြည်သူအချင်းချင်း ချစ်ကြည်ရေးက ကျွန်တော်တို့ရဲ့ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်ကိုအရေးကြီးပြီး ပူးပေါင်းဆောင်ရွက်ဖို့ အခြေခံကျတဲ့ နယ်ပယ်ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောသလိုပါပဲ။ မြန်မာနဲ့တရုတ်က အလွန်ကိုနီးကပ်တဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့အတွက် အချင်းချင်းခွဲထားလို့ မရတဲ့ မိတ်ဆွေကောင်းနိုင်ငံတွေဖြစ်ပါတယ်။

### နယ်စပ်တစ်လျှောက်နေထိုင်

တရုတ်နဲ့မြန်မာနိုင်ငံအကြား အလွန်ကိုရှည်လျားတဲ့ နယ်နိမိတ်ထိစပ်နေပြီး ညီရင်းအစ်ကိုမောင်ရင်းနှမတွေဖြစ်တဲ့ မြောက်မြားလှစွာသော တိုင်းရင်းသားအုပ်စုတွေက နယ်စပ်တစ်လျှောက် နေထိုင်နေကြပါတယ်။ ဒါဟာ ကျွန်တော်တို့အချင်းချင်း "ပေါက်ဖော်" လို့ ခေါ်ရတဲ့ အကြောင်းရင်းပါပဲ။ ဒါဟာ တရုတ်နဲ့ မြန်မာအကြား အလွန်ကိုအရေးပါတဲ့ တန်ဖိုးရှိတဲ့အရာဖြစ်ပါတယ်။

### ပေါက်ဖော်ချစ်ကြည်ရေးနေ့

ပြီးခဲ့တဲ့နှစ်က တရုတ်သံရုံးက မြန်မာနိုင်ငံမှာရှိတဲ့ ဒေသခံအသိုင်းအဝိုင်းတွေနဲ့အတူ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်တည်ထောင်ခဲ့တဲ့နေ့ဖြစ်တဲ့ ဇွန်လ ၈ ရက်နေ့က ရန်ကုန်မှာ "ပထမအကြိမ် ပေါက်ဖော်ချစ်ကြည်ရေးနေ့"အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ နောက်လမှာ "ဒုတိယအကြိမ် ပေါက်ဖော်ချစ်ကြည်ရေးနေ့" အခမ်းအနားကို ရန်ကုန်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလိုအခမ်းအနားမျိုး အနာဂတ်မှာလည်း ဆက်လက်ကျင်းပမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

### အကျိုးစီးပွားအခြေခံ

ပြည်သူအချင်းချင်းချစ်ကြည်ရေး ပိုကောင်းလာစေဖို့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ ပြည်သူတွေရဲ့ အကျိုးစီးပွားကို အလေးပေးဆောင်ရွက်သင့်ပါတယ်။ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုက ပြည်သူတွေရဲ့ အကျိုးစီးပွားကို အခြေခံသင့်ပါတယ်။ ပညာရေးနဲ့ လေ့ကျင့်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့တိုက်ဖျက်ရေး၊ လူငယ်တွေ အပြန်အလှန် လည်ပတ်ရေးအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ ကယ်ဆယ်ရေး၊ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကဲ့သို့သော မြန်မာပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။

### သဟဇာတဖြစ်အောင်နေထိုင်

လူမှုရေးဆိုင်ရာတာဝန်တွေ တက်ကြွစွာ ပိုမိုပေးအပ်ဖို့ မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်ကုမ္ပဏီတွေကို တရုတ်အစိုးရက အားပေးလှုံ့ဆော်နေပါတယ်။ တရုတ်ကုမ္ပဏီတွေက ဒေသခံပြည်သူတွေရဲ့ နားလည်မှုနဲ့ ထောက်ခံမှုရရှိဖို့ ဒေသခံအသိုင်းအဝိုင်းနဲ့ သဟဇာတဖြစ်အောင် နေထိုင်

> **ပိုးလမ်းမကြီးရပ်ဝန်းစီမံကိန်းက ပထမဆုံးအနေနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းသာ ဖြစ်သင့်ပြီး ဒုတိယအနေနဲ့ အများနဲ့သက်ဆိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်း ချမ်းသာကြွယ်ဝမှုသာ ဖြစ်သင့်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အတွက် နောက်ထပ် အခွင့်အလမ်းဖြစ်ပါတယ်။**

ခြင်းအားဖြင့် မြန်မာအသိုင်းအဝိုင်းရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ရမယ်လို့ ကျွန်တော်တို့ထင်ပါတယ်။

### အမှတ်ရနေဆဲ

နောက်ထပ်နောက်ထပ်သော တရုတ်ကုမ္ပဏီတွေက သူတို့ရဲ့ လူမှုရေးဆိုင်ရာ တာဝန်တွေကိုပေးအပ်ဖို့ အလွန်ကို စိတ်အားထက်သန်နေကြပါတယ်။ ကျွန်တော် မြန်မာနိုင်ငံမှာ သံအမတ်ကြီးအဖြစ် တာဝန်စတင်ထမ်းဆောင်ခဲ့ချိန် မြန်မာနိုင်ငံမှာ ဆိုးရွားတဲ့ရေဘေးတွေ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တရုတ်ကုမ္ပဏီအများအပြားက ဒေသခံအသိုင်းအဝိုင်းတွေကို အကူအညီတွေပေးခဲ့ပြီး အဲဒီအကူအညီတွေကိုလည်း ဒေသခံပြည်သူတွေက ဝမ်းပန်းတသာ လက်ခံခဲ့တဲ့ ၂၀၁၅ ခုနှစ်ကို အမှတ်ရနေဆဲပါ။

အနာဂတ်ကာလမှာ ဒီလိုလုပ်ဆောင်မှုမျိုးတွေ ပိုမိုပေးအပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတဲ့ တရုတ်ကုမ္ပဏီတွေက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက မြန်မာနိုင်ငံရဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထောက်ပံ့ပေးနေပါတယ်။

### ဗုဒ္ဓဘာသာက အရေးပါ

ကျွန်တော်တို့ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် နောက်ထပ်အရေးပါတဲ့ ကဏ္ဍကတော့ ဗုဒ္ဓဘာသာပဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာက မြန်မာနဲ့ တရုတ်နိုင်ငံအတွက် အလွန်ကိုအရေးပါတဲ့ ဘာသာတစ်ခုဖြစ်ပါတယ်။ ဗုဒ္ဓစွယ်တော် မြန်မာနိုင်ငံကို လေးကြိမ်ပင့်ဆောင်ခဲ့ပါတယ်။ ဘာသာရေးဆိုင်ရာ အပြန်အလှန် လည်ပတ်ရေးအစီအစဉ်တွေက ပြည်သူအချင်းချင်း နားလည်မှုနဲ့ချစ်ကြည်ရေး အားကောင်းစေဖို့ အလွန်ကိုအရေးကြီးပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံအစိုးရက ပုဂံမှာရှိတဲ့ဘုရားတွေ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီအချက်က အလွန်ကိုသိသာထင်ရှားပြီး နှစ်နိုင်ငံပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုကောင်းမွန်စေမှာဖြစ်ပါတယ်။

### ဆက်ဆံရေး ချောမွေ့တိုးတက်စေ

မီဒီယာတွေပါဝင်ခဲ့တဲ့အခန်းကဏ္ဍကလည်း နှစ်နိုင်ငံပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးမှုအတွက် အလွန်အရေးပါပါတယ်။ မြန်မာနိုင်ငံက အခုချိန်မှာ မတူညီတဲ့ အသံအမျိုးမျိုးရှိတဲ့ အလွန်ကိုပွင့်လင်းတဲ့ နိုင်ငံတစ်ခုဖြစ်နေပါပြီ။ တာဝန်သိတဲ့မီဒီယာတစ်ခုအနေနဲ့ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ချစ်ကြည်ရင်းနှီးမှု နားလည်စေဖို့ ကျွန်တော်တို့ ပြည်သူတွေကို စစ်မှန်တဲ့သတင်းအချက်အလက်တွေနဲ့ မှန်ကန်တဲ့အမြင်တွေပေးသင့်ပါတယ်။ ဒါဟာ နှစ်နိုင်ငံ ဆက်ဆံရေး ချောမွေ့တိုးတက်စေဖို့အတွက် အလွန်ပင်ပဓာနကျပါတယ်။

မေး- မြန်မာနဲ့တရုတ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လူကြီးမင်းရဲ့ နောက်ထပ်ထင်မြင်ချက်တွေက ဘာတွေဖြစ်မလဲ။

ဖြေ- အခုနကလေးတင် မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တရုတ်နိုင်ငံက ဘယ်လိုကူညီနိုင်တယ်ဆိုတာကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ အနာဂတ်မှာ အများကြီး လုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုဖြစ်နေလို့ပါ။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေခံကျတဲ့ ကိစ္စရပ်တွေကိုဖြေရှင်းရာမှာ အဓိကကျပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ပြည်သူတွေရဲ့ လူမှုဘဝဖူလုံရေးကို တိုးတက်စေရုံသာမက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လွယ်ကူချောမွေ့ဖို့ ကြီးမားတဲ့အထောက်အပံ့တစ်ခု ဖြစ်စေမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုက တစ်ခုနဲ့တစ်ခု အားပေးနိုင်ပြီး အချင်းချင်းကူညီပေးနိုင်ပါတယ်။

### အရင်းအမြစ်တွေ့ရှိ

တရုတ်နိုင်ငံက အခုအခါမှာ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှာ အများဆုံးရင်းနှီးမြှုပ်နှံတဲ့ ပြည်ပနိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ အကူအညီပေးဖို့ တရုတ်နိုင်ငံက အလွန်ကိုစိတ်အားထက်သန်နေပြီး အမှန်တကယ်ကို ကျွန်တော်တို့မှာ အရင်းအမြစ်တွေရှိပါတယ်။

### ထိစပ်မှုအားသာချက်

မြန်မာနိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာကူညီဖို့ ကျွန်တော်တို့မှာ လုပ်နိုင်စွမ်းရှိပါတယ်။ အခုအခါမှာ တရုတ်နိုင်ငံက ကမ္ဘာ့ဒုတိယ အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး မြန်ဆန်တဲ့ တိုးတက်မှုနှုန်းကို ထိန်းသိမ်းထားဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက တရုတ်နိုင်ငံရဲ့ နီးကပ်တဲ့ အိမ်နီးချင်းတိုင်းပြည်တစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးရရှိစေဖို့နဲ့ တရုတ်နိုင်ငံရဲ့တိုးတက်ဖြစ်ထွန်းမှုတွေနဲ့ အောင်မြင်မှုတွေမျှဝေဖို့ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ မြေမျက်နှာသွင်ပြင်ထိစပ်မှုအားသာချက် အပြည့်အဝယူသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒါဟာ မြန်မာနိုင်ငံအတွက် လက်မလွှတ်သင့်တဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ အခုအခါမှာ ပိုးလမ်းမကြီးရပ်ဝန်းစီမံကိန်း Belt & Road Initiative အကောင်အထည်ဖော်ဆောင်ရာမှာ တရုတ်နဲ့မြန်မာနိုင်ငံက လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### နောက်ထပ် အခွင့်အလမ်း

ပိုးလမ်းမကြီးရပ်ဝန်းစီမံကိန်းက ပထမဆုံးအနေနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းသာဖြစ်သင့်ပြီး ဒုတိယအနေနဲ့ အများနဲ့သက်ဆိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်း ချမ်းသာကြွယ်ဝမှုသာဖြစ်သင့်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နောက်ထပ် အခွင့်အလမ်းဖြစ်ပါတယ်။

### ကူညီပေးနိုင်တဲ့ နယ်ပယ်

လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်းထွန်းကားရေးနဲ့ မြို့ပြပုံစံ လုပ်ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေးစနစ်၊ စွမ်းအင်နဲ့လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ အနီးကပ်ဆောင်ရွက်မယ့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ Belt and Road Forum ကာလအတွင်း လက်မှတ်ရေးထိုးပြီးတဲ့ နားလည်မှုစာချွန်လွှာဖြစ်တဲ့ တရုတ်-မြန်မာ နယ်စပ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ကဲ့သို့သော အရေးပါတဲ့ နယ်ပယ်များစွာက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိအောင်မြင်စေဖို့ တရုတ်နိုင်ငံက မြန်မာနိုင်ငံကိုကူညီပေးနိုင်တဲ့ နယ်ပယ်တွေပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်အောင် ကူညီပေးရာမှာ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေတဲ့ ဒေသခံကုမ္ပဏီတွေ၊ နိုင်ငံတကာကုမ္ပဏီတွေနဲ့ လက်တွဲလုပ်ဆောင်ဖို့ တရုတ်ကုမ္ပဏီတွေကို တရုတ်အစိုးရက တိုက်တွန်းနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်ကုမ္ပဏီတွေ၊ မြန်မာကုမ္ပဏီတွေနဲ့ အခြားနိုင်ငံတကာကုမ္ပဏီတွေက နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့အခြေအနေ Win-Win Situation တစ်ရပ်အတွက် အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

ဒီနည်းလမ်းနဲ့သာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံရဲ့စီးပွားရေးနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်ကုမ္ပဏီတွေရဲ့ ရေရှည်ခံတဲ့ တိုးတက်ဖြစ်ထွန်းမှုကို ကျွန်တော်တို့ သဘောပေါက်နိုင်မှာဖြစ်ပါတယ်။

# မဝေးတော့သည့် ငြိမ်းချမ်းရေးပန်းတိုင်

သန်းဖြိုးနိုင်(ကညင်ကျိုး)

အစိုးရသစ်အနေဖြင့် နိုင်ငံတော် တာဝန်ယူခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်းမှာအရှိန်အဟုန်ကောင်းကောင်း၊ အအောင်မြင်ဆုံးနဲ့ အထူးခြားဆုံးဆောင်ရွက်ချက်တစ်ခုကိုပြပါဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပဖို့အတွက် မီးကုန်ယမ်းကုန် အပူတပြင်း ဆောင်ရွက်ခဲ့ကြတဲ့ကိစ္စကိုပဲ လက်ညှိုးထိုးပြရမှာဖြစ်ပါတယ်။ ထိုသို့ ကြိုးစားခဲ့ကြခြင်းနဲ့အတူ ရလဒ်အဖြစ် အဆိုပါညီလာခံကြီးကို ဩဂုတ်လ ၃၁ ရက်နေ့မှာ ပထမဦးဆုံးအကြိမ်အဖြစ် အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ကြတာကို အားလုံးသိကြပြီးသားဖြစ်မှာပါ။ အခုဆိုရင် နောက်တစ်ကြိမ်အဖြစ်လာမယ့် မေလ ၂၄ ရက်နေ့မှာ ကျင်းပမယ်လို့ ကြေညာထားတာဖြစ်တဲ့အတွက် ရက်ပိုင်းကလေးသာ ကျန်ရှိနေတော့တဲ့ အခြေအနေအပေါ် မူတည်ပြီး လုပ်ဆောင်စရာကိစ္စတွေကလည်း များပြားလှတာကို တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။

ဒီကိစ္စဟာ အစိုးရရဲ့နိုင်ငံတော်နဲ့ နိုင်ငံသားတွေအကျိုးအတွက် မူဝါဒအသစ်တွေချမှတ်အကောင်အထည်ဖော်နေတဲ့လုပ်ငန်းစဉ်တွေအထဲမှာ အနာဂတ်နိုင်ငံတော်အတွက်အရေးအကြီးဆုံးလည်းဖြစ်သလို အောင်မြင်အောင်လုပ်ဆောင်ရမယ့် အဓိကလုပ်ငန်းစဉ်ကြီးလည်း ဖြစ်ပါတယ်။ ဒီအတွက်ပဲ အဆိုပါလုပ်ငန်းကို ထိထိရောက်ရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အဓိကထားဆောင်ရွက်မယ့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဌာနအသစ်တစ်ခုအဖြစ် ဖွင့်လှစ်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအောက်မှာထားရှိခဲ့တာကိုလည်း သိရှိကြမှာပါ။

အမှန်တကယ်ဆိုရင် ဒီလိုအမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ အနာဂတ်နိုင်ငံတော်နဲ့ အနာဂတ်ကလေးငယ်တွေအတွက် အဓိကအခရာကျလှပါတယ်။ ဒါ့အပြင် သမိုင်းကောင်းအမွေတစ်ရပ်အဖြစ် မှတ်တမ်းဝင်လို့ နောင်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းသယ်ဆောင်ဖို့ ချန်ထားရစ်နိုင်ခဲ့ကြတဲ့ ကောင်းမြတ်တဲ့ အလုပ်တစ်ခုဖြစ်တယ်ဆိုတာလည်း ငြင်းမရပါဘူး။ နောက်တိုင်းရင်းသားအားလုံးပါဝင်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ရဲ့အနှစ်သာရလည်းဖြစ်သလို ဒီမိုကရေစီစနစ်ရဲ့ အခြေခံအကျဆုံးစံနှုန်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီငြိမ်းချမ်းရေးတွေ ရရှိလာမှသာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကိုလည်း အေးအေးချမ်းချမ်းဆက်လက်လျှောက်လှမ်းခွင့်ရကြမှာပါ။

ယနေ့ လက်ရှိနိုင်ငံတော်ရဲ့ ပြည်ထောင်စုလွှတ်တော်အတွင်းကို လှမ်းမျှော်ကြည့်လိုက်ရင်လည်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအပြင် လီဆူး၊ ကိုးကန့်၊ ပအိုဝ်း၊ တအာင်း(ပလောင်)၊ ဝ၊ဇိုမီးစတဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးက ကိုယ်စားလှယ်တွေပါဝင်တဲ့ ပါတီပေါင်း ၁၂ ခုက ကိုယ်စားလှယ်တွေ အမှန်တကယ်ရှိနေပြီး ကိုယ့်တိုင်းပြည်အတွက် လွှတ်တော်ထဲဝင်ရောက်ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံပူးပေါင်းပြီး တိုင်းပြည်အရေး ဆွေးနွေးအဖြေရှာနေကြတာကိုလည်း အမှန်အတိုင်းတွေ့မြင်ရနိုင်ပါတယ်။

တိုင်းရင်းသားအားလုံးအနေနဲ့ တစ်ဖက်နဲ့တစ်ဖက်ယုံကြည်မှုရရှိစေရေး အဖြေရှာကြရာတွင်လည်း သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်အကျိုးထည့်တွက်သည့်သဘော၊ အပေးအယူမျှတသည့်သဘော၊ နှစ်ဖက်လိုအပ်ချက်များ အလေးထား၊ တန်ဖိုးထားသည့် သဘောများဖြင့်သာလျှင် ယုံကြည်မှုကိုရရှိလာမှာ ဖြစ်ပါတယ်။ ယုံကြည်မှုရရှိလာမှသာ ပဋိပက္ခများအဆုံးသတ်ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းမှုနှင့် တိုးတက်လာစေမှုတို့ကို ဆက်လက်တည်ဆောက်ရမှာဖြစ်တယ်လို့လည်း သုံးသပ်ကြရမှာဖြစ်ပါတယ်။

မကြာမီရက်ပိုင်းမှာ ဆက်လက်ကျင်းပတော့မယ့် (၂၁) ရာစုပင်လုံလို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ဒုတိယအကြိမ်အစည်းအဝေးကြီးတွင်လည်း အားလုံးပူးပေါင်းပါဝင် အဖြေရှာဆွေးနွေးကြမယ်ဆိုတာ မလွဲပါဘူး။ ဒီလို ဆွေးနွေးကြတဲ့နေရာမှာလည်း တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး စေ့စပ်ဆွေးနွေးခြင်း (Negotiation)၊ ကြားဝင်ဖျန်ဖြေခြင်း (Mediation)၊ သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း(Diplomacy) နှင့် သူ့ဘက်ကိုယ့်ဘက် အပြန်အလှန်နားထောင်ပေးခြင်း (Converse Listening)တို့ရှိမှသာလျှင် နှစ်ဦးနှစ်ဖက် အပြည့်အဝနားလည်ယုံကြည်မှု (Mutual Undrestanding) ကို ရရှိလာနိုင်မှာ ဖြစ်တယ်လို့လည်း အားလုံးက လက်ခံထားကြပါပြီ။

အစိုးရအနေနဲ့လည်း မိမိတို့အစိုးရသစ်လက်ထက်မှာ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးနဲ့ လူထုထောက်ခံမှုပိုမိုရရှိရေး၊ မိမိတို့ရဲ့တစ်စိုက်မတ်မတ်မူအရ ရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေးအတွက်ဆိုလျှင် စိတ်အားထက်သန်မှု (Willingness)၊ ကျွမ်းကျင်မှု (Skill)၊ လုပ်ရဲကိုင်ရဲသည့် သတ္တိရှိမှု (Courage)၊ အပြုသဘောဆောင်မှု (Constructive Desire)၊ အပေးအယူရှိမှု(Compromise)နှင့်ပြုပြင်ပြောင်းလဲမှုအတွက် အလျှော့အတင်းစိတ်ထားရှိတတ်မှု (Flexibility)တို့ အထူးလိုအပ်လာမယ်လို့လည်း သုံးသပ်မိကြမှာပါပဲ။

ကျွန်တော်တို့အနေနဲ့ ပြီးဆုံးလွန်မြောက်ခဲ့ပြီးသွားတဲ့ အချိန်စက်ဝန်းတွေအရ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ ပေါ်ပေါက်လာတဲ့သမိုင်းတွေကို လေ့လာကြည့်လိုက်ရင်လည်း ကိုယ့်နိုင်ငံအတွင်းက တိုင်းရင်းသားညီအစ်ကိုတွေတွေ့ဆုံလို့ ငြိမ်းချမ်းရေးအတွက် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ဆွေးနွေးခဲ့ကြတာ အချို့အတော်များများအောင်မြင်မှုတွေ ရခဲ့တာတွေလည်း အများအပြားရှိခဲ့ပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ တိုင်းရင်းသားတွေနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွေ ပထမဦးဆုံးရရှိခဲ့ပြီးနောက်ပိုင်းမှာ ထပ်မံပေါ်ပေါက်ဖြစ်တည်လာတဲ့ နိုင်ငံရေးအခင်းအကျင်းတွေအရ အခြားတိုင်းရင်းသားအများနဲ့ပါ ပြီးပြည့်စုံတဲ့၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိကြဖို့ သူ့ခေတ်သူ့ခါအလိုက်မှာတော့ နိုင်ငံ့ခေါင်းဆောင်တွေက ကြိုးပမ်းလာခဲ့ကြတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ကြမှာပါ။

ပြီးခဲ့တဲ့ အစိုးရလက်ထက် ငါးနှစ်တာကာလသက်တမ်းမှာလည်း သူတို့တတ်စွမ်းသလောက်တော့ ကြိုးစားသွားခဲ့ကြ၊ ဆွေးနွေးညှိနှိုင်းသွားခဲ့ကြတာတွေကိုလည်း တွေ့မြင်ခဲ့ကြရမှာဖြစ်သလို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(NCA)ကိုလည်း အချို့အဖွဲ့အတော်များများ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြတာကိုလည်း ကြားသိခဲ့ရပါတယ်။ အမှန်တကယ်တော့ ဒီလိုတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ဆိုတာ အလွန်ကြီးကျယ်တဲ့ ပထမအဆင့်လုပ်ငန်းကြီးတစ်ခုဖြစ်သလို ဒီအဆင့်ကိုကျော်လွန်မှသာ ယခုဆက်လက်ဖော်ဆောင်ကြမယ့် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဆက်သွားလို့ရနိုင်မယ့် အနေအထားတွေလည်းရှိနေတာ အားလုံးသိကြပြီးဖြစ်မှာပါ။ အမျိုးသားရင်ကြားစေ့ရေးဆိုတာ အပြောလွယ်သလောက်အမှန်တကယ်မှာတော့ အလွန်ခက်ခဲနက်နဲပြီး အလွန်သိမ်မွေ့လှတဲ့ လုပ်ငန်းစဉ်တစ်ခုအဖြစ် ရှုမြင်ကြရမှာဖြစ်သလို သူ့ဘက်ကိုယ့်ဘက် ဆွေးနွေးကြရမယ့် အကြောင်းအရာတွေလည်း များစွာရှိနေကြမှာ မလွဲပါဘူး။ ဒီအတွက်လည်း သတိကြီးကြီးထားပြီး အလွဲအမှားတစ်စုံတစ်ရာမရှိအောင် ချွတ်ချော်တိမ်းစောင်းမှုမရှိအောင်အထူးဂရုထားပြီး အချိန်ယူတည်ဆောက်နေကြရတာလည်း ဖြစ်နိုင်ပါတယ်။

ဒီအတွက်ပဲ ဒါတွေကို ကျော်လွန်မြောက်ဖို့ဆိုရင် တစ်နည်းအားဖြင့် ကိုယ့်နိုင်ငံအတွင်းက တိုင်းရင်းသားတွေ၊ ကိုယ့်အမျိုးသားအချင်းချင်းတွေ ရင်ကြားစေ့ချစ်ခင်မှု၊ နွေးထွေးမှုတွေရရှိကြဖို့ဆိုရင် တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာအဖြေရှာကြရမှာပဲဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးကြတယ်ဆိုတဲ့ နေရာမှာလည်း တစ်ဒင်္ဂ၊ တစ်ခဏတာ၊ တစ်ကြိမ်နှစ်ကြိမ်သာမဟုတ်ဘဲ အကြိမ်ကြိမ်တွေ့ဆုံကြရမယ် အကြိမ်ကြိမ်စကားတွေအပြန်ပြန်အလှန်လှန်ပြောကြရမယ်၊ အကြိမ်ကြိမ်သူ့စကား၊ ကိုယ့်စကား၊ သူ့လိုအင်၊ ကိုယ့်လိုအင်တွေကို နားထောင်ကြရပါမယ်။ ဟန်ပြသဘောနိုင်ငံရေးအရ လုပ်ငန်းစဉ်တစ်ခုဆိုတာမျိုးတွေထက်ကျော်လွန်ပြီး ပါဝင်ကြသူအားလုံးကလည်း အမှန်တကယ်ကို ရင်ထဲ စိတ်ထဲက လိုလိုချင်ချင်ဖြစ်နေကြဖို့ ငြိမ်းချမ်းရေးကို ခုံမင်နှစ်သက်ပြီး ငတ်မွတ်ဆာလောင်တမ်းတနေကြတဲ့သူတွေဖြစ်ကြဖို့လည်း အထူးလိုလာမှာပါ။ ဒီလိုတွေ့ဆုံဆွေးနွေးကြတယ်ဆိုတော့ မင်္ဂလာရှိတဲ့အလုပ်တစ်ခု၊ ဘာသာတရားအဆုံးအမတွေနဲ့လည်း ကိုက်ညီပြီး ပါဝင်ကြတဲ့သူတွေကလည်း စိတ်ချမ်းသာကြရပါတယ်။ ဘေးကကြားရတဲ့ အများသူငါပြည်သူတွေအတွက်လည်း ဝမ်းသာပီတိဂွမ်းဆီထိလို့ သူတို့ရဲ့စိတ်နှလုံးဘဝင်မှာ ကြည်နူးမှုတွေဖြစ်ကြပြီးနတ်၊ လူသာဓုခေါ်ဆိုကြတဲ့အလုပ်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ ပစ္စက္ခအခြေအနေနဲ့ ချိန်ထိုးတွက်ဆကြည့်မယ်ဆိုရင်လည်း ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းပေါင်းစုံ၊ လက်နက်ကိုင်ပဋိပက္ခပေါင်းစုံကြားက ရုန်းထွက်နိုင်ကြဖို့ဆိုရင် တိုင်းရင်းသားအားလုံး စားပွဲဝိုင်းမှာထိုင်ပြီး တွေ့ဆုံညှိနှိုင်းအဖြေရှာတဲ့ နည်းလမ်းမှတစ်ပါး အခြားဘာမှမရှိနိုင်ပါဘူး။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် ရေရှည်ကောင်းကျိုးကိုမျှော်လင့်ကြပြီး သူတို့ရဲ့လူမှုစီးပွားဘဝတွေကို မြှင့်တင်လိုကြပါတယ်ဆိုတဲ့ စိတ်ရင်းအမှန်လေးသာ ကိုယ်စီရှိထားကြတယ်ဆိုရင်ပဲ ငြိမ်းချမ်းရေးစားပွဲဝိုင်းဆီကို အရောက်လှမ်းလျှောက်လာနိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်ထားမိပါတယ်။

မကြာမီကာလအတွင်း ဆက်လက်ဆောင်ရွက်ကြမယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားခေါင်းဆောင်များ၏တင်ပြချက်များ၊ အဆိုပြုချက်၊ အကြံပြုချက်များနှင့် ၎င်းတို့၏ဆန္ဒများကို အလေးပေးစဉ်းစားနေရာပေးကြရပါမယ်။ ဒါကိုပဲ တစ်နည်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် ဖြစ်ပေါ်လာစေရေး၊ တိုင်းရင်းသားများအကြားပေါ်ပေါက်နေသည့် ပဋိပက္ခများအဆုံးသတ်စေရေးနှင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေး၊ စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ထောင်နိုင်ရေးစသည့်အချက်များအတွက် ရည်ရွယ်သည့် ကနဦးခြေလှမ်းပင်ဖြစ်ကြောင်း ဆိုကြရမှာလည်း ဖြစ်ပါတယ်။

အချုပ်အားဖြင့် ကျွန်တော်ဆိုလိုရင်းကတော့ မကြာမီကာလမှာ လက်ရှိအစိုးရဖော်ဆောင်တော့မယ့် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်ဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဒုတိယအကြိမ်ကျင်းပနေစဉ်အတွင်းမှာ ကျွန်တော်တို့ပြည်သူတွေအပိုင်းကလည်း စိတ်ပါဝင်စားစွာနဲ့ မိမိတတ်နိုင်တဲ့ဘက်က အားပေးအားမြှောက်ပြုပြီး အမှန်တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးပန်းခင်းကြီးထဲ တိုင်းရင်းသားအားလုံးနဲ့အတူ လက်တွဲပြီး လျှောက်လှမ်းလို့ရအောင် ဝိုင်းဝန်းပံ့ဖော်ကူညီကြရမှာဖြစ်သလို တိုင်းရင်းသားအားလုံးအနေနဲ့လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဆီကို အရောက်လာပြီး ကိုယ့်အမျိုးသားတွေအချင်းချင်းရင်ကြားစေ့နိုင်ကြဖို့ တွေ့ဆုံကြရမယ်။ ဆွေးနွေးကြရမယ်။ ညှိနှိုင်းတိုင်ပင်ကြရမယ်။ ဒီလိုတွေ့ဆုံ၊ ဆွေးနွေး ညှိနှိုင်းကြတဲ့နေရာမှာလည်း အမှန်တကယ်ပါဝင်သင့်သူအားလုံး ပါဝင်အောင် ဖိတ်ခေါ်ကြပြီး သူ့ဘက်ကိုယ့်ဘက် အပြန်ပြန်အလှန်လှန် လေးစားစိတ်နဲ့ အရာရာကို ခဝါချပြီး ရိုးသားစွာပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်လာနိုင်မှာပဲဖြစ်ပါတယ်။

ဒီလိုစစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိမှသာ ယနေ့လက်ရှိ တိုင်းရင်းသားနယ်မြေတွေမှာဖြစ်ပွားနေတဲ့ စစ်ပွဲတွေရပ်သွားပြီး သူ့ဘက်ကိုယ့်ဘက်နိုင်ငံသား လူငယ်လူရွယ်လေးတွေ၊ တစ်နည်းအားဖြင့် တိုင်းပြည်တည်ဆောက်ရေးအတွက် အဓိကအားကိုးရမယ့် လူသားအရင်းအမြစ်တွေ မဆုံးရှုံးကြရမှာအမှန်လည်းဖြစ်သလို အနာဂတ်လူငယ်မျိုးဆက်သစ်တွေ ငြိမ်းချမ်းသာယာတိုးတက်လာမယ့် ကြီးမားတဲ့အခွင့်အရေးတစ်ရပ် အမှန်ပင်ရရှိလာမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။



# ပထမဦးဆုံးအဆင့်မှာ လိုက်ထရပ်ယာဉ်တွေကို ခွင့်ပြုဦးမှာ ဖြစ်ပါတယ်

## ၂၀၁၈-၂၀၁၉ စာသင်နှစ်မှာတော့ လိုက်ထရပ်၊ ပစ်ကပ်နဲ့ ကျောင်းကြို/ပို့ လုပ်ငန်းဆောင်ရွက်ခြင်း လုံးဝမရှိရတော့ပါဘူး

ဒေါက်တာမောင်အောင်

တွေ့ဆုံမေးမြန်း

ဆုနှင်းလဲ့

**ဇွန် ၁ ရက်မှစတင်ကာ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကျောင်းဖွင့်ရာသီ စတင်ပြီဆိုသည်နှင့် ယာဉ်ကြောပိတ်ဆို့မှုများသည် လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားလေ့ရှိရာ အဓိကလမ်းမကြီးများပေါ်ရှိ စာသင်ကျောင်းများရှေ့တွင် ယာဉ်ကြောပိတ်ဆို့နေမှုများကို ဖြေရှင်းဆောင်ရွက်ရန်အပြင် လုံခြုံစိတ်ချရမှုမရှိသော ကုန်တင်ယာဉ်အငယ်စားကဲ့သို့သော ယာဉ်များနှင့် ကျောင်းသားကျောင်းသူများအား ကြို/ပို့ ပြုလုပ်နေခြင်းကိုလည်း လုံခြုံစိတ်ချရသော ကျောင်းကားများဖြင့် တဖြည်းဖြည်းအစားထိုးဆောင်ရွက်သွားမည့် ကျောင်းကားစီမံချက်ကို ယခုနှစ် ပညာသင်နှစ်တွင် စတင်ဆောင်ရွက်သွားမည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Korea Trade-Investment Promotion Agency (KOTRA), Posco Daewoo Corporation တို့မှ ကျောင်းကား အစီး ၂၀၀ ဝယ်ယူရေး သဘောတူစာချုပ်ကို မေ ၁၀ ရက်က ချုပ်ဆိုခဲ့သည်။ ယင်းသို့ ဆောင်ရွက်သွားမည့် ကျောင်းကား ကြို/ပို့ စီမံချက်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများအပေါ် ကောက်နုတ်ဖော်ပြအပ်ပါသည်-**

မေး။ ။ကျောင်းဖွင့်ရာသီစတင်တော့မှာဖြစ်လို့ ဒီနှစ်မှာ စတင်ဆောင်ရွက်မယ့် ကျောင်းကား ကြို/ပို့စနစ်နဲ့ ပတ်သက်ပြီး သိချင်ပါတယ်။

ဖြေ။ ။ဒီနှစ်ကစပြီးတော့ ဘာကြောင့် ကျောင်းကားစနစ် လုပ်ရလဲဆိုတော့ အရင်တုန်းကလည်း ပြောပြီးသား ဖြစ်ပါတယ်။ အဓိက ကတော့ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုမှာ လမ်းဘေးမှာရှိတဲ့၊ မိန်းလမ်းတွေမှာရှိတဲ့ ကျောင်းတွေဟာ ကျောင်းကားစနစ် မသုံးဘဲနဲ့ ကျောင်းသားတစ်ဦး ကားတစ်စီးနှုန်းနဲ့ ဆိုတဲ့ဟာတွေ၊ လက်ရှိသုံးနေတဲ့ ကျောင်းကားတွေမှာလည်း လိုက်ထရပ်လို ကားမျိုးတွေကို တဖြည်းဖြည်းနဲ့ အစားထိုး ပြောင်းလဲဖို့ ဒီအစီအစဉ်ကိုစတင် ပြောင်းလဲခြင်းဖြစ်ပါတယ်။ ကျောင်းကားအစီအစဉ်မှာ စီမံချက်ကို ဒီနှစ်က စမယ်။ နောက်နှစ်စာသင်နှစ်ကိုတော့ ပြီးအောင် လုပ်ဖို့ဆိုတာ ရှိပါတယ်။ အခြေခံပညာဦးစီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ရဲ့ လေ့လာချက်အရ ကျောင်း ၂၆ ကျောင်းအနက် အထက (၅) ဗိုလ်တထောင်၊ အထက(၁) ကျောက်တံတား၊ လှိုင် TTC၊ ရန်ကင်း TTC တို့ မပါကျန် ၂၂ ကျောင်းမှာ ကျောင်းသားဦးရေက ၅၈၀၀၀ ကျော် ရှိပါတယ်။ အဲဒီထဲမှာ ကျောင်းကြို/ပို့ယာဉ်နဲ့ ကျောင်းတက်တဲ့ ဦးရေဟာ ၁၉၃၄၂ ဦး ရှိပါတယ်။ ကိုယ်ပိုင်ယာဉ်တွေနဲ့ ကျောင်းတက်တဲ့ ယာဉ်အစီးရေ ၁၈၉၉ စီး ရှိပါတယ်။ ကျောင်းကား စုစုပေါင်း ၈၄၅ စီး ရှိတဲ့အခါမှာ လိုက်ထရပ်လို ယာဉ်နဲ့ ကြို/ပို့လုပ်နေတာက ၃၄၀ ရှိပါတယ်။ လိုက်ထရပ်နဲ့ ကျောင်းတက်တဲ့သူဟာ ၁၀၀၀၀ ဝန်းကျင်လောက် ရှိတယ်လို့ ခန့်မှန်းပါတယ်။ ကျောင်းသား ကျောင်းသူအားလုံး အဆင်ပြေစွာ ကျောင်းတက်နိုင်ရေးအတွက် နိုင်ငံတကာရဲ့စံနှုန်းအတိုင်း အဆင့်မီတဲ့ ကျောင်းကားတွေပြေးဆွဲနိုင်ဖို့ကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မေး။ ။ဒီနှစ်မှာ လိုက်ထရပ်တွေကို ကျောင်းကြို/ပို့ လုံးဝပြေးဆွဲခွင့်မပြုတော့ဘူးဆိုတဲ့ သတင်းတွေအပေါ် ရှင်းလင်းပြောကြားပေးပါ။

ဖြေ။ ။ဒီနှစ် ဆောင်ရွက်နေတဲ့ ကာလအတွင်း ပထမဦးဆုံးအဆင့်မှာ လိုက်ထရပ်ယာဉ်တွေကို ခွင့်ပြုဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်း အစားထိုးသွားမှာ ဖြစ်ပါတယ်။ မှန်းထားတာကတော့ သီတင်းကျွတ်ကျောင်းပိတ်ရက် အောက်တိုဘာလလောက်မှာဆိုရင်တော့ ၃၀ ရာခိုင်နှုန်းလောက် လျှော့နိုင်အောင် ကျောင်း ၂၂ ကျောင်းက ကျောင်းအုပ်ကြီးတွေရော၊ ကျောင်းအကျိုးတော်ဆောင်တွေရော ညွှန်ကြားထားပြီးသား ဖြစ်ပါတယ်။ နောက် ကျောင်းဖွင့်ပြီး ခုနစ်လအကြာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလဆန်းလောက်မှာ မှန်းထားတာကတော့ လိုက်ထရပ်ယာဉ်တွေနဲ့ ကျောင်းကြို/ပို့ ပြေးဆွဲဖို့ မပြုဖို့ ဆွေးနွေးညှိနှိုင်းပြီးသား ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး လုပ်မယ့် အစီအစဉ်တွေကိုလည်း ဒီကျောင်း ၂၂ ကျောင်းကနေ စီမံချက်ရေးဆွဲပြီးတော့ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (YRTA)နဲ့ ညှိနှိုင်းသွားမှာပဲ ဖြစ်ပါတယ်။ လိုက်ထရပ်လို ယာဉ်တွေနဲ့ ကျောင်းကြို/ပို့လုပ်ငန်း မလုပ်ရဘူးဆိုတာတော့ မဟုတ်ပါဘူး။ ခုန ပြောခဲ့သလို အဆင့်အဆင့်လိုက် တဖြည်းဖြည်းချင်းပဲ အစားထိုးသွားမှာဖြစ်ပါတယ်။ ပထမတစ်သုတ်က အောက်တိုဘာလအထိ ၃၀ ရာခိုင်နှုန်း လျှော့သွားရမှာပေါ့။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလရောက်ရင်တော့ လိုက်ထရပ်ယာဉ်နဲ့ ကျောင်းကြို/ပို့လုပ်ငန်းကို ခွင့်မပြုတော့ပါဘူး။

မေး။ ။လိုက်ထရပ်တွေကို အချိန်အတိုင်းအတာတစ်ခုအထိ ခွင့်ပြုပေးပြီး တဖြည်းဖြည်းလျှော့သွားတာကနေ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာတော့ လုံးဝခွင့်မပြုဘူးဆိုတဲ့ သဘောပေါ့နော်။

ဖြေ။ ။ကျွန်တော်တို့ရဲ့ စီမံချက်မှာတော့ အဲလိုလျာထားပါတယ်။ ခွင့်မပြုဘူးဆိုတာမှာ လိုက်ထရပ်တွေကိုလည်း အခြားသောမီနီဘတ်စ်တို့၊ဘာတို့နဲ့ ပြောင်းလဲဖို့ အချိန်ပေးရမယ်လေ။ ပြောင်းလဲသွားပြီးတော့မှ ၂၀၁၈-၂၀၁၉ စာသင်နှစ်မှာတော့ လိုက်ထရပ်၊ ပစ်ကပ်နဲ့ ကျောင်းကြို/ပို့ လုပ်ငန်းဆောင်ရွက်ခြင်း လုံးဝမရှိရတော့ပါဘူး။ ဒီကြားထဲမှာလည်း လိုက်ထရပ်တို့၊ ဘာတို့ ပြေးဆွဲနေသူတွေ ကျောင်းကား ဝယ်ချင်တာ၊ ငှားချင်တာ ရှိရင် YRTA က အမြဲတမ်း ပေါင်းစပ်ပြီးတော့ ညှိနှိုင်းလုပ်ကိုင်သွားဖို့ရှိပါတယ်။

မေး။ ။ကျောင်းကား အစီး ၂၀၀ ဝယ်ထားတယ်လို့ သိရပါတယ်။ အဲဒီကျောင်းကားတွေကိုရော ဘယ်လိုပုံစံမျိုးနဲ့ ရောင်းသွားမယ်ဆိုတာသိလိုပါတယ်။

ဖြေ။ ။ကျောင်းကား အစီး ၂၀၀ ရဲ့ အရည်အသွေးတွေ၊ ဈေးနှုန်းတွေကို ကျောင်းအုပ်ကြီးတွေနဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေကို ပြောပြပြီး ဖြစ်ပါတယ်။ အဲဒီလို ပြောပြတဲ့အခါမှာ သူတို့ကို ဒီကားတွေကို မဝယ်မနေရ၊ မလုပ်မနေရလို့ ပြောတာ မဟုတ်ပါဘူး။ အစိုးရကတော့ ကိုယ်လိုချင်တဲ့ Standard ကို ပြောလိုက်တာ။ဒါပေမဲ့ သူတို့အနေနဲ့ စိတ်ဝင်စားရင် ဝယ်ယူနိုင်တယ်။ ဝယ်ယူပြီး ဒီကားမျိုးတွေနဲ့ ပြေးဆွဲနိုင်တယ်။ သူတို့ဝယ်ယူနိုင်ဖို့အတွက်ကိုလည်း အစိုးရက ဘဏ်ချေးငွေရရှိအောင် ဆောင်ရွက်ပေးမယ်။ နောက်ပြီးတော့ ဒီကားတွေက အစိုးရက G to G ဝယ်ယူတင်သွင်းတာဖြစ်တဲ့အတွက် ဈေးနှုန်းအသက်သာဆုံးဖြစ်အောင် လုပ်ဆောင်ပေးမယ်။ အရည်အသွေးကိုလည်း အာမခံတယ်။ G to G ဝယ်တဲ့အတွက် After Sales Services က ပိုပြီးတော့ အာမခံချက်ရပါတယ်။ ဒီကားတွေကို အရစ်ကျဝယ်ယူလိုပါတယ်၊ ပြေးဆွဲလိုပါတယ်လို့ ကမ်းလှမ်းလာတဲ့ ကျောင်းတွေ ရှိပါတယ်။ ဒီကားတွေကို ဝယ်ယူဖို့ မတတ်နိုင်ဘူးဆိုရင်လည်း လိုက်ထရပ်လိုမျိုး မဟုတ်တဲ့ ကား၊ မီနီဘတ်စ်တို့၊ စူပါကာစတန်တို့၊ အန်စာတုံးတို့လို ကားမျိုးတွေနဲ့ ပြေးဆွဲလို့ရတယ်။ ပြေးဆွဲမယ့် ကားရဲ့ အမျိုးအစား၊ ဓာတ်ပုံ၊ ကားနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို YRTA ကို လာရောက်တင်ပြရမယ်။

မေး။ ။ဝယ်ယူထားတဲ့ ကားအမျိုးအစားနဲ့ ဈေးနှုန်း ပြောပြလို့ရမလား။ အဲဒီကားတွေကို အခု ကျောင်းကား ပြေးဆွဲနေတဲ့ တစ်ဦးချင်းယာဉ်ပိုင်ရှင်တွေကိုရော ရောင်းပေးမှာပါလား။

ဖြေ။ ။Hyundai Country Bus ၂၈ ယောက်စီးအမျိုးအစားပါ။ Brand New 2017 ပါ။ School Bus ပါ။ ဈေးနှုန်းက ဒေါ်လာ ၃၆၈၄၀ ပါ။ ကျောင်းကားတွေကတော့ ကျောင်းအုပ်ကြီးတွေရယ်၊ ကျောင်း အကျိုးတော်ဆောင်ရယ်၊ ကျောင်းအကျိုးတော်ဆောင်ဆိုတာက မိဘတွေပါ၊ ကျောင်းကားလုပ်ငန်းလုပ်သူတွေရယ် အဲဒီ သုံးဦးအဖွဲ့တွေက ကော်မတီဖွဲ့ပြီး လုပ်ဆောင်ရပါမယ်။ မဟုတ်ရင် ဒီကနေ ဈေးသက်သက်သာသာနဲ့ဝယ်ယူပြီး တခြားလုပ်ငန်းမှာ လုပ်မှာစိုးလို့ပါ။ နောက်တစ်ခုက ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေဟာ ဒီကားမျိုးတွေသုံးမှ မဟုတ်ပါဘူး။ မီနီဘတ်စ်ပဲ ဖြစ်ဖြစ်၊ စူပါကာစတန်နဲ့ပဲ ဆွဲဆွဲ အဲဒီကျောင်းကားတိုင်းမှာ CCTV တို့၊ GPS တို့ တပ်ဆင်ထားရမယ်။



ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်။

မေး။ ။တစ်ဦးချင်း ကိုယ်ပိုင်ယာဉ်နဲ့ ကျောင်းကြို/ပို့ လုပ်ဆောင်နေတဲ့ ကားတွေကိုရော ဘယ်လို ကြပ်မတ်သွားဖို့ ရှိပါလဲ။

ဖြေ။ ။အဲဒါကိုတော့ အခု ကျောင်းတွေ၊ ဒဂုံ(၁) တို့၊ဘာတို့ဆိုရင် အားလုံး ပြောထားပြီးသား။ ဥပမာ ဘယ်နှမိနစ်ထက်ပိုပြီး ဒီနေရာမှာ မရပ်ရဘူး။ ဥပမာ ကားကိုရပ်မယ်၊ ကလေးကို ချမယ်၊ တင်မယ်။ ပြန်ထွက်ရမယ်။ သတ်မှတ်ထားတာထက် ပိုရပ်လို့မရဘူး။ ရပ်တင်ချစနစ်နဲ့ သွားရမယ်။ အဲဒီမှာ ယာဉ်ထိန်းနဲ့ပါ စောင့်ကြည့်မယ်။ ကျောင်းတစ်ကျောင်းနဲ့ တစ်ကျောင်းက တည်ရှိနေတဲ့ပုံစံရော နေရာပါမတူနိုင်တဲ့အတွက် အဲဒီကျောင်းတွေကို သီးခြားစီ ကျောင်းကား ကြို/ပို့စနစ်ကိုရော၊ ကားတွေကို ပြောင်းလဲသွားမယ့် စနစ်ကိုရော စီမံချက်ရေးဆွဲပြီး တင်ပြခိုင်းထားပါတယ်။ အဲဒီနေရာတွေကို စီစီတီဗွီကင်မရာတွေ တပ်ပြီးတော့ ယာဉ်ထိန်းတွေကို တာဝန်ချထားပြီး စောင့်ကြည့်သွားပါမယ်။ ကျောင်းအလိုက် စီမံချက်ရေးဆွဲတင်ပြပြီးတော့ စီမံချက် အောင်မြင်ရေးအတွက်ကို ခုနကကျောင်းကော်မတီအဖွဲ့ရယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရယ်၊ Yangon Region Transport Authority (YRTA) အဖွဲ့ရယ် လာရောက်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမှာပါ။

မေး။ ။အစိုးရချင်း ချိတ်ဆက်မှုစနစ်နဲ့ ဝယ်ယူထားတဲ့ ကျောင်းကား အစီး ၂၀၀ ကို အခု ကျောင်းဖွင့်ရာသီမှာ ဘယ်ကျောင်းတွေက ဘယ်နှစီး စတင်သုံးစွဲမယ်ဆိုတာ သိရပါလား။

ဖြေ။ ။အဲဒါကတော့ အတိအကျ မသိရသေးပါဘူး။ အခု စိတ်ဝင်တစားလာဆွေးနွေးတဲ့ကျောင်းတွေ ရှိပါတယ်။ ဝယ်ယူမယ်ဆိုရင်လည်း ဘဏ်ချေးငွေစနစ်၊ အရစ်ကျစနစ်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့အတွက် YRTA အနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးပါမယ်။

မေး။ ။ကျောင်းဖွင့်ရာသီက စံချိန်တင် ယာဉ်ကြောပိတ်ဆို့မှုက ဖြစ်နေတော့ တချို့ကျောင်းတွေရှေ့မှာလည်း သွားလို့မရအောင်ကို လမ်းပိတ်ဆို့တတ်တော့ YRTA အနေနဲ့ ကျောင်းကားကြို/ပို့ စီမံချက်အပြင် တခြားဆောင်ရွက်သွားမယ့်ဟာကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျဖို့ဆိုရင် ကျောင်းကားတွေတင် မဟုတ်ပါဘူး၊ တခြားဟာတွေလည်း လုပ်ရမှာပါ။ အခု Traffic Management Control Center ကလည်း ဖွင့်ဖို့ရှိပါတယ်။ ဒီလကုန်လောက်ဖွင့်ဖို့ကို လျာထားပြီးသား ရှိပါတယ်။ အဲဒီကျရင်တော့ အားလုံး စနစ်တကျပေါ့ Automatic Traffic Light စနစ်ဖြစ်တဲ့အတွက် ကင်မရာတွေလည်း အများကြီးပါတယ်။ e-police system ပါတယ်။ View Camera ပါတယ်ဆိုတော့ ဘာပဲပြောပြော ယာဉ်ကို အရင်ကလို စည်းကမ်းမဲ့မောင်းတာတွေ တော်တော်လေးလျော့သွားမယ်။ ဒါတော့ တဖြည်းဖြည်း လုပ်ရမှာပေါ့။

ကျေးဇူးတင်ပါတယ်။




ကျောင်းကားအဖြစ် အသုံးပြုမည့် ၂၈ ယောက်စီး Hyundai Country Bus ကို တွေ့ရစဉ်။

# အားကစားအဖွဲ့ အောင်နိုင်ရေး၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တာဝန်ရှိသူများနှင့်ဆွေးနွေး

**ရန်ကုန် မေ ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့မှ တာဝန်ရှိသူများအားတွေ့ဆုံကာ ပြည်သူ့ဆေးရုံများတွင် ဘက်စုံဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တို့မှတာဝန်ရှိသူများနှင့် IT ပညာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအား တွေ့ဆုံကာ Telemedicine ထူထောင်နိုင်ရေးကိစ္စ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သော အခြေအနေများတွင် မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန်များက Online မှတစ်ဆင့်သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများထံမှ အချိန်နှင့်တစ်ပြေးညီ အကြံဉာဏ်များရယူနိုင်မည့် Emergency Tele-consultation System တို့ကို ထူထောင်နိုင်ရေး ဆွေးနွေးကြသည်။

ယင်းနောက် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့တို့အားတွေ့ဆုံကာ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ အောင်နိုင်ရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)တို့မှ တာဝန်ရှိသူများအား တွေ့ဆုံကာ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**○ MPF မှ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆေးဝါးစက်ရုံ (အင်းစိန်)သို့ ရောက်ရှိပြီး ဆေးဝါးသုံးအရက်ပြန်ထုတ်လုပ်ရာတွင် အလိုအလျောက်ပုလင်းဖြည့်စက်ဖြင့် ထုတ်လုပ်နေမှု၊ ပဋိဇီဝဆေးဝါးများ ထုတ်လုပ်နေမှုများနှင့် ပြည်သူလူထုအား ရောင်းချနေမှုများကို အားပေးကြည့်ရှု၍ ဆေးဝါးများ အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပန်းဆိုးတန်းလမ်းရှိ Myan House အရောင်းဆိုင်သို့ ရောက်ရှိပြီး MPF ဆေးဝါးများ ပြည်သူလူထုအား ရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး ဆေးဝါးများ အမှတ်တရလက်ဆောင် ပေးအပ်ခဲ့သည်။ ထို့အပြင် SME လုပ်ငန်းရှင်များက ထုတ်လုပ်ထားသော မြန်မာမှုအနုပညာနှင့် ထုတ်ကုန်ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချနေမှုများကို လေ့လာကြည့်ရှုပြီး လိုအပ်သောပံ့ပိုးကူညီမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ SME လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ဆန်းသစ်မှုများအပြင် ဒီဇိုင်းအသစ်များဖြင့် ဈေးကွက်ကျယ်ပြန့်စွာရောင်းချနိုင်စေရန် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ထို့နောက် စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးအတွက် လိုအပ်ချက်များနှင့် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

ပူနွေးကမ္ဘာ
တားဆီးရာ
ဖြေရှာတစ်ခု
တောပြုစု

**✱ ဧရာဝတီမှ**

ပပျောက်လာမယ်" ဟု ၎င်းကပြောသည်။

လင်းပိုင်ကြည့်ရှုရန်လာရောက်မည့် ပြည်တွင်း ပြည်ပခရီးသွားများအတွက် လူထုအခြေပြုခရီးသွားလုပ်ငန်းကိုဖော်ဆောင်ခြင်းမှာ ဒေသခံရေလုပ်သားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ ဝင်ငွေပိုတိုးလာနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက ပြောသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်းတွင် ပြည်တွင်း ပြည်ပခရီးသွားများအတွက် ဧရာဝတီလင်းပိုင်များ လိုက်လံပြသခြင်း၊ နွားလှည်းဝန်ဆောင်မှုပေးခြင်း၊ ထမင်းချက်ကျွေးခြင်း၊ အိုးလုပ်ငန်းကဲ့သို့ ဒေသခံလက်မှုပစ္စည်းများကို ပြသခြင်း၊ ဒေသခံဧည့်လမ်းညွှန်များရှိခြင်း၊ ထမင်းတစ်ရက်စာအတွက် မြန်မာနိုင်ငံသားဆိုလျှင် ၃၅၀၀ ကျပ်၊ နိုင်ငံခြားသားဆိုလျှင် ကျပ် ၅၀၀၀၊ လင်းပိုင်ကြည့်ရန် လှေတစ်စင်း ကျပ် ၄၀၀၀၀ စသည့် ဝန်ဆောင်မှုများရရှိ ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့က လူထုအခြေပြုခရီးသွားလုပ်ငန်း မန်နေဂျာကိုသန့်စင်က ရှင်းပြသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ်ကတည်းကစတင်ခဲ့ပြီး တစ်နှစ်လျှင် ပြည်တွင်း ပြည်ပခရီးသည် ၂၀၀ ခန့် လာရောက်ခဲ့ကာ ဧရာဝတီလင်းပိုင် လာရောက်ကြည့်ရှုသူအရေအတွက်သည်လည်း တစ်နှစ်လျှင် ၁၀၀၀ ဝန်းကျင်ရှိကြောင်း ၎င်းကပြောသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာအစီအစဉ်)တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မေ၂၀ရက်က ကျေးရွာခြောက်ရွာ၏ လူထုအခြေပြုခရီးသွားလုပ်ငန်းမိတ်ဆက်ခြင်းအခမ်းအနားကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

**(ညီတူး)**

# ရန်ကုန်သို့ ဂျပန်နင်ဂျာသုံးဖော်ရောက်ရှိ

**ရန်ကုန် မေ ၂၁**

"လွန်ခဲ့တဲ့ နှစ် ၅၀၀၊ ၆၀၀ ကတည်းက နင်ဂျာဆိုတာ ရှိခဲ့တာဖြစ်တယ်။ နင်ဂျာဆိုတဲ့နာမည်က ဒီကလူတွေနဲ့ မစိမ်းဘူးထင်ပါတယ်။ နင်ဂျာဆိုတာ အားလုံးရင်းနှီးပြီးသားဖြစ်တယ်"ဟု မစ္စတာ တိုရှိမိချိကိုဂ ပထမအတွင်းဝန် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးက မေ ၂၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ MICT Park ၌ ကျင်းပသည့် နင်ဂျာသရုပ်ပြမှု အစီအစဉ်နှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောသည်။

နင်ဂျာသရုပ်ပြမှု အစီအစဉ်တွင် ဂျပန်နိုင်ငံမှ ဖိတ်ခေါ်ထားသည့် နင်ဂျာသုံးဦးက ရှေးခေတ်မှစကာ အစဉ်အဆက် လက်ဆင့်ကမ်းသယ်လာခဲ့သည့် နင်ဂျာများ၏နည်းစနစ်များကို နင်ဂျာများ အသုံးပြုခဲ့သည့် လက်နက်များဖြင့်သရုပ်ဖော်တင်ဆက်ခဲ့သည်။ နင်ဂျာလက်နက်ပုန်းပစ်နည်းနှင့် အိုရိဂမိ (စက္ကူအရုပ်ခေါက်ခြင်းပညာ)ဖြင့် လက်နက်ပုန်းခေါက်နည်းများကိုလည်း ပြပွဲသို့ တက်ရောက်လာသူများအား မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

"ခုခေတ်မှာတော့ နင်ဂျာဆိုတာ ရှိမနေတော့ပါဘူး။ အရင်ခေတ်တွေကဆို တစ်နိုင်ငံနဲ့တစ်နိုင်ငံ သတင်းအချက်အလက်တွေ၊ လျှို့ဝှက်ချက်တွေကို စုံစမ်းတဲ့အနေနဲ့ ရှိခဲ့တယ်။ တစ်ဖက်နဲ့တစ်ဖက်တွေ့ရင်လည်း တိုက်ခိုက်တာတွေ ရှိခဲ့တယ်။ အခုဆို ဂျပန်ယဉ်ကျေးမှုကို အားလုံးက စိတ်ဝင်စားလာကြတဲ့ အချိန်မှာ ဂျပန်မှာအရင်ကတည်းက ရှိခဲ့တဲ့ နင်ဂျာဆိုတာဘယ်လိုမျိုးလဲ။ နင်ဂျာနည်းစနစ်တွေက ဘယ်လိုမျိုးဆိုတာကို သိစေချင်တဲ့ရည်ရွယ်ချက်၊ ဂျပန်ကို သိစေချင်တဲ့ရည်ရွယ်ချက်နဲ့ ဒီပွဲကို ကျင်းပတာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် Cosplay (ရုပ်ပြပုံများ၊ရုပ်ပြဇာတ်လမ်းတွဲများမှ ဇာတ်ဆောင်များကဲ့သို့ဝတ်ဆင်ခြင်းပွဲ) ပြုလုပ်သည့် အခမ်းအနားတွင်လည်း ဂျပန်နင်ဂျာသရုပ်ဖော်ပွဲကို ဆက်လက်ပြသခဲ့သည်။

မြန်မာနိုင်ငံဂျပန်ပညာတော်သင်ဟောင်းအသင်း(MAJA)နှင့် Japan Foundation Asia Center တို့ ပူးပေါင်းဖွင့်လှစ်သည့် Japan Culture House မှ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့်ပူးပေါင်းပြုလုပ်ခြင်း ဖြစ်သည်။ ရန်ကုန်မြို့အပြင် မေ ၂၃ ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမတွင်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

❑



# သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကြိုတင်ဆောင်ရွက်

**ကော့မှူး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်များခိုအောင်းနိုင်သည့်နေရာများရှိ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို ယနေ့နံနက် ၁၀ က ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းရှင်းလင်း ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ခြင်းဆေးများပက်ဖျန်းခြင်း၊ ရပ်ကွက်နေပြည်သူများက ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေဝပ်နိုင်သောနေရာများတွင် မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(ကော့မှူးသားလေး)**



# လူနာများကျေနပ်မှုရရှိမည့် ဆေးရုံဝန်ဆောင်မှုများတိုးတက်လာရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အဓိကထားဆွေးနွေး

**ရန်ကုန်  မေ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဒုတိယဆေးရုံအုပ်ကြီးများကိုတွေ့ဆုံကာ ကုသရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဆေးရုံကြီးများအလိုက် လိုအပ်ချက်များကို ပြန်လည်သုံးသပ်၍ လုပ်ဆောင်ရမည့်အချက်များကို မိမိတို့ ကိုယ်တိုင်၏ စတင်ဦးဆောင်မှုဖြင့် ဆောင်ရွက်စေလိုကြောင်း၊ ဆေးရုံအုပ်ချုပ်သူများအနေဖြင့် မိမိတို့အကြားတွင် အချင်းချင်းဆွေးနွေးတိုင်ပင်မှုများပြုလုပ်၍ လိုအပ်ချက်များကို အမြဲရှာဖွေဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဆေးရုံအုပ်ကြီးများအချင်းချင်း ကောင်းမွန်သောအတွေ့အကြုံများ ဖလှယ်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဆေးရုံများတွင် ဆေးကုသမှုအရည်အသွေးမြှင့်တင်ရေး၊ လူနာနှင့် မိသားစုများသက်သာချောင်ချိရေး၊ ဆေးရုံဝန်ဆောင်မှုများကို လူနာများ၏ စိတ်ကျေနပ်နှစ်သက်မှုမြင့်တက်လာစေရေးအတွက် ယခုအစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ဆေးကုသမှုအရည်အသွေးမြှင့်တင်ရေးနှင့် လူနာများ စိတ်ချမ်းသာမှုရရှိအောင်ဆောင်ရွက်ရာတွင် ဆေးလူမှုဆက်ဆံရေးနှင့် ဧည့်ကြိုဝန်ထမ်းများ၊ အရေးပေါ်ဌာနစီမံခန့်ခွဲရေး၊ ဆေးရုံတွင်းရောဂါကူးစက်မှုမရှိစေရန် ဆောင်ရွက်ခြင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် မသန်စွမ်းသူများကို ဦးစားပေးဆောင်ရွက်ပေးခြင်း၊ ချို့တဲ့လူနာများကို အခမဲ့ကုသမှုများတတ်နိုင်သမျှပေးနိုင်ရန် ဆောင်ရွက်ခြင်း၊ ဆေးရုံ အတွင်း၊ အပြင်သန့်ရှင်းရေး၊ အိမ်သာများ သန့်ရှင်းရေး၊ လူနာနှင့်မိသားစုဝင်များ၊ ဝန်ထမ်းများ ကုန်ကျစရိတ်သက်သာစွာဝယ်ယူစားသုံးနိုင်မည့် စင်တာများ ဖွင့်လှစ်ခြင်း၊ ဆေးရုံတွင်း ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်မည့်ဆေးဆိုင်များဖွင့်လှစ်ခြင်းစသည်ဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များစွာရှိနေကြောင်း၊ ဆေးရုံအုပ်ချုပ်စီမံခန့်ခွဲမှုအရည်အသွေးမြှင့်မားရေးအတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ရှိ ဆေးရုံအုပ်ချုပ်မှု မဟာဘွဲ့၊ ဒီပလိုမာဘွဲ့များ၏ သင်ကြားရေးနည်းစနစ်နှင့် သင်ရိုးညွှန်းတမ်းများကိုလည်း လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများပါတွဲဖက်သင်ကြားရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆေးရုံအုပ်ကြီးများက မိမိတို့ ဆေးရုံများအလိုက် ကုသမှုလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုအပ်ချက်များကိုတင်ပြကြပြီး အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ခေတ်ခွဲခန်းပစ္စည်းလိုအပ်ချက်၊ ဆေးပစ္စည်းလိုအပ်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သုပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်  ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ဒွေးကိုကိုချစ်၏ ဂိုးဖြင့် ရှမ်းယူနိုက်တက်အနိုင်ရ

**ရန်ကုန် မေ ၂၁**

၂၀၁၇ ဘောလုံးရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ဒုတိယနေ့ကို တောင်ကြီး၊ မော်လမြိုင်နှင့် ရန်ကုန်မြို့တို့၌ ဆက်လက်ကျင်းပသည်။

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက် - တစ်ဂိုး**

**ချင်းယူနိုက်တက် - ဂိုးမရှိ**

ရာသီဝက်အပြောင်းအရွှေ့ကာလတွင် အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူးဒွေးကိုကိုချစ်၏ ဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့်ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် လေးမှတ်အကွာသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် နိုင်ပွဲ ပြန်လည်ရရှိရေးအတွက် တိုက်စစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး ခရစ္စတိုဖာ၊ ဟန်ဘူဂျင်နှင့် ဒွေးကိုကိုချစ်တို့ကို တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် အသစ်ခေါ်ထားသည့် တိုက်စစ်မှူး သန်းပိုင်အပါအဝင် လူစုံအသုံးပြုခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကို ရင်ဆိုင်ခဲ့သည်။ ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ခေါ်ယူထားသည့် တိုက်စစ်မှူး ဒွေးကိုကိုချစ်သည် ယခုပွဲတွင်လည်း ဂိုးထပ်မံသွင်းယူခဲ့ပြီး ၁၄ မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ်မံရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အခွင့်အရေးများ ထပ်မံရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် ဂိုးထပ်မရခဲ့ပေ။ ချင်းယူနိုက်တက်အသင်းသည် ချေပဂိုးရရန် ကစားသမားအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်း၏နောက်တန်းကို မကျော်နိုင်ခဲ့သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ချင်းယူနိုက်တက် အသင်းသည် ယခုရှုံးပွဲကြောင့် ဖိအားပိုများသွားခဲ့ရသည်။

မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southernအသင်းနှင့် ရန်ကုန်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ရန်ကုန်အသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယအကျော့တွင် ဒုတိယမြောက် အဝေးကွင်း သရေပွဲနှင့် ကြုံတွေ့ခဲ့ရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



**ရှမ်းယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပ

**ရန်ကုန်  မေ ၂၁**

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA)၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အဖွဲ့ဝင်များပါဝင်ကျင်းပသော နိုင်ငံလုံးဆိုင်ရာညီလာခံကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ MCEA ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက "ဒီနေ့နိုင်ငံမှာ ဖြစ်ပျက်နေတဲ့အနေအထားကို ဆက်စပ်ပြီးစဉ်းစားမယ်ဆိုရင် စီးပွားရေးကဏ္ဍမှာဖြစ်ဖြစ်၊ လူမှုရေးကဏ္ဍမှာဖြစ်ဖြစ်၊ ကျန်းမာရေးကဏ္ဍမှာဖြစ်ဖြစ် ဝမ်းသာကြည်နူးပီတိဖြစ်စရာထက်စာရင် စိတ်မကောင်းစရာတွေကိုသာကြုံတွေ့နေရပါတယ်။ ဒါတွေကို ဒီနေ့ဒီမိုကရေစီဆိုတဲ့စကားလုံးကို နိုင်ငံတော်မှာစတင်ပြီး အခြေချနိုင်ပြီဖြစ်တဲ့အခုလိုအခါမှာ ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းသွားမယ်ဆိုရင် မလိုလားအပ်တဲ့ အတားအဆီးတွေကိုဖယ်ရှားနိုင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် ဒီပြဿနာတွေကို ဖြေရှင်းဖို့ ဝန်လေးနေစရာအကြောင်း မရှိပါဘူး။ ဒီလို စိတ်ဓာတ်ရှိမှသာလျှင်ရှေ့ကိုပြတ်ပြတ်သားသားနဲ့ ထိုးဖောက်သွားနိုင်မည်ဖြစ်ပါတယ်" အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးတင်မောင်နိုင်က "ဒီနေ့ညီလာခံကတော့ ပြီးခဲ့တဲ့နှစ်က လုပ်ကိုင်ခဲ့တဲ့လုပ်ငန်းများကို ပြန်လည်ဆွေးနွေးကြတာဖြစ်ပြီး တက်ရောက်လာကြသူတွေကလည်း သူတို့လုပ်ကိုင်လိုကြတဲ့အရာများကို ဆွေးနွေးညှိနှိုင်းကြခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုညီလာခံကျင်းပခြင်းအားဖြင့် တစ်နိုင်ငံလုံးမှာရှိနေကြတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေနဲ့ လုပ်ငန်းသမားတွေအားလုံးရဲ့အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူ့အိမ်ရာ ဆောက်လုပ်အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက်ကိုလည်း ကျွန်တော်တို့တတ်တဲ့နည်းပညာ၊ စိုက်ထုတ်နိုင်တဲ့အင်အားတွေနဲ့ နိုင်ငံတော်နဲ့အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး နယ်မှာရှိနေတဲ့ Chapter တွေကလည်း ပူးပေါင်းပါဝင်ဖို့ စီစဉ်ထားကြပါတယ်"ဟု ပြောသည်။



မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA)၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အဖွဲ့ဝင်များပါဝင်ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ညီလာခံအခမ်းအနားကို နှစ်စဉ် မေလတွင် ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA)ကို ၁၉၉၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၉၉၈ ခုနှစ်တွင် တရားဝင်ခွင့်ပြုမိန့်ရရှိခဲ့ကာ အသင်းအားတရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အသင်းဝင်အင်အားအနေဖြင့် ရန်ကုန်အသင်းချုပ်မှ အသင်းဝင် ၁၀၀၀ ခန့်နှင့် ပူးပေါင်းအဖွဲ့ဝင် ၁၀၀၀ ရှိနေပြီး မေ ၁၉ ရက် နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (MCEA)၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ကျင်းပသော နိုင်ငံလုံးဆိုင်ရာညီလာခံ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA)၏ ဥက္ကဋ္ဌ ဦးသာဌေးတို့က တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အသင်းများမှ အစီရင်ခံစာတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

❑

# ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့မှ ဗုဒ္ဓဆင်းတုတော်များ လာရောက်လှူဒါန်း

**မယ်စဲ့ မေ ၂၁**
ကယားပြည်နယ် မယ်စဲ့မြို့နယ် မယ်ဆည်နမ်ကျေးရွာအုပ်စု ဓမ္မရက္ခိတ ဘုန်းတော်ကြီးကျောင်းသို့ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့မှ ဗုဒ္ဓကြေးဆင်းတုတော်များ လှူဒါန်းခြင်းကို မေ ၂၀ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်က နန့်မန်းကျေးရွာ သာသနဝိသုဒ္ဓိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဉာဏ်တော်လေးပေအမြင့်ရှိ ဗုဒ္ဓကြေးဆင်းတုတော်နှစ်ဆူကို ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့မှ ဦးအားသန်ကေးနှင့် အဖွဲ့တို့က လာရောက်လှူဒါန်းရာ ဖားဆောင်းမြို့ မွေတော်ဆရာတော်အရှင်ဝိဇယနှင့် နန့်ပိန်းလိုင်ဆရာတော် အရှင်ပဏ္ဍိစ္စတို့က လက်ခံယူခဲ့သည်။

လာရောက်လှူဒါန်းခဲ့သည့် ဗုဒ္ဓကြေးဆင်းတုတော်နှစ်ဆူမှာ ထိုင်းဘတ်ငွေ ၅၀၀၀၀ (မြန်မာငွေကျပ်သိန်း ၂၀ ကျော်) တန်ဖိုးရှိကြောင်း သိရသည်။ အဆိုပါ ဘုရားဆင်းတုတော်နှစ်ဆူကို ဖားဆောင်းမြို့ မွေတော်ဆရာတော်၊ နန့်ပိန်းလိုင်ဆရာတော်နှင့် တပည့်ဒါယကာ ၅၀ ခန့်က နန့်ပိန်းလိုင်ကျေးရွာ ဓမ္မရက္ခိတ ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ခဲ့ပြီး လာရောက်လှူဒါန်းသည့်အဖွဲ့မှာ မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




# ရေဦးမြို့တွင် ဝိဇ္ဇာဘာသာရပ်ရွေးချယ်မည့် ကျောင်းသားများအတွက် ဆရာ ဆရာမများ ခန့်ထားပေးပြီးဖြစ်

**ရေဦး မေ ၂၁**
ဝိဇ္ဇာဘာသာရပ်ရွေးချယ်မည့် ကျောင်းသားကျောင်းသူများအတွက် သတ်မှတ်ထားသည့် ဘာသာရပ်အလိုက် သင်ကြားပေးမည့် ဆရာ ဆရာမများကို စနစ်တကျခန့်ထားပေးပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့ အမှတ်(၁)နှင့်(၂)အထက်တန်းကျောင်းတို့တွင် လိုအပ်သော ဝိဇ္ဇာဘာသာရပ်သင် ဆရာ ဆရာမများကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ အမြန်ဆုံးခန့်အပ်ပေးနိုင်ခြင်းအစီအစဉ် ရှိ မရှိ သိရှိလိုကြောင်းကို ရေဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွေးက မေ ၁၉ ရက်က ပြုလုပ်သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရာ ဒေါက်တာဇော်ဝင်းက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

"ရေဦးမြို့ အမှတ်(၁) အထက်တန်းကျောင်းမှာ ကျောင်းသား ကျောင်းသူ ၄၅၈၃ ဦးရှိရာမှာ နဝမတန်းက ၁၁၇၁ ဦးနဲ့ ဒသမတန်းက ၁၂၁၀ ဦး စုစုပေါင်း အထက်တန်းအဆင့်သင်ကျောင်းသား ကျောင်းသူ ၂၃၈၁ ဦးရှိပါတယ်။ ဘာသာတွဲ(၁)မှာ နဝမတန်း ၁၄၅ ဦး၊ ဒသမတန်း ၃၇၃ ဦး၊ ဘာသာတွဲ (၇)မှာ နဝမတန်း ၁၀၂၆ ဦး၊ ဒသမတန်း ၈၃၇ ဦး သင်ကြားနေပြီး အထက်တန်းပြ ဆရာ ဆရာမ ၆၇ ဦးရှိပါတယ်။ အဲဒီဆရာ ဆရာမတွေထဲမှာ ဝိဇ္ဇာဘာသာရပ် သင်ကြားနိုင်တဲ့ ဝိဇ္ဇာတွဲ့ရ ဆရာ ဆရာမ ၁၅ ဦးခန့်အပ်ထားပြီးဖြစ်ပါတယ်။ ရေဦးအမှတ်(၂) အထက်တန်းကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၆၄၉ ဦးရှိတဲ့အထဲမှာ နဝမတန်း ၂၄၂ ဦး၊ ဒသမတန်း ၁၈၇ ဦး စုစုပေါင်း ၄၂၉ ဦး ရှိပါတယ်"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ရေဦး အမှတ်(၂) အထက်တန်းကျောင်းတွင် ဘာသာတွဲ(၁)တွင် နဝမတန်း ၁၉ ဦး၊ ဒသမတန်း ၅၃ ဦး၊ ဘာသာတွဲ(၇)တွင် နဝမတန်း ၂၂၃ ဦး၊ ဒသမတန်း ၁၆၆ ဦးကို အထက်တန်းပြ ဆရာ ဆရာမ ၁၈ ဦးရှိပြီး ဝိဇ္ဇာတွဲ့ရ ဆရာ ဆရာမ ခြောက်ဦး ခန့်အပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နတ်တလင်းမြို့နယ်တွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးသောတောင်သူများ လုပ်ငန်းခွင်ဝင်နေကြပြီ

**နတ်တလင်း မေ ၂၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နှင့် တာပွန်မြို့သွားသော ကားလမ်းဘေးဝဲယာတစ်လျှောက်တွင် မေလဆန်းပိုင်းမှစပြီး ကြဲပက်စနစ်ခေါ် အစေ့ချစိုက်ပျိုးခြင်းများ လုပ်ဆောင်နေကြသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

တာပွန်မြောက်ပိုင်း ရပ်ကွက်လယ်ပြင်လမ်းနေ တောင်သူ ဦးလှကြိုင်က "ကြဲပက်စိုက်ပျိုးကြတဲ့ တောင်သူတွေကတော့ မေလထဲမှာ လုပ်ငန်းခွင်ဝင်ကြပြီး တချို့တောင်သူတွေကတော့ ထွန်စက်နဲ့ထယ်ရေးဝင်ထားပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာတော့မှ စပါးကြဲတယ်။ ထွန်စက်နဲ့ပြန်အုပ်ကြတယ်။ တချို့ကျတော့လည်း တိုက်ရိုက်မျိုးစေ့ကြဲပြီး ထွန်ကြတယ်။ တစ်မျိုးစီကြိုက်နှစ်သက်သလိုလုပ်ကြတယ်" ဟု ပြောသည်။

စပါးအမျိုးအစားများသော်လည်း နတ်တလင်းတောင်သူအများစုမှာ အင်းလယ်၊ တောင်ပျံ၊ ငွေတိုး၊ မှော်ဘီ၊ ပုလဲသွယ်စသည်ဖြင့် ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

**(ဝ၇၁)**

# ဝေါမြို့နယ်၌ လယ်သမားကြီးတစ်ဦး 'စံပြ' အဖြစ် ရေထိန်းတံခါးတည်ဆောက်

**ဝေါ မေ ၂၁**
ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကဒွတ်ကျေးရွာ၌ စပါးစိုက်လယ်သမားကြီး ဦးကော်ဇောက ၎င်း၏လယ်ယာစိုက်ကွက်ဧရိယာအတွင်း ငွေကျပ်သိန်း ၂၀ ခန့် အကုန်အကျခံ၍ ရေထိန်းတံခါးတစ်ခု တည်ဆောက်ခဲ့ကြောင်း သိရသည်။



ရေထိန်းတံခါးတည်ဆောက်မှုနှင့်ပတ်သက်၍ ၎င်းက "ကျွန်တော် ဒီရေထိန်းတံခါးကို တည်ဆောက်လိုက်ရင် ကိုယ့်လယ်ကို ရေထိန်းညှိပေးနိုင်မှာဖြစ်ပြီး ပြောင်းလဲလာတဲ့ ရာသီဥတုဖြစ်စဉ်နဲ့ လိုက်လျောညီထွေ စိုက်ပျိုးနိုင်မှာဖြစ်လို့ မိမိလယ်ယာစိုက်ပျိုးရေး အထွက်တိုးကောင်းမွန်ဖို့ ဆောင်ရွက်လိုက်တာပါ"ဟု ပြောသည်။

အဆိုပါရေတံခါးသည် ရေထွက်ပေါက် အမြင့် လေးပေခွဲ၊ အလျား ပေ ၂၀ စီ၊ ဒု ကိုးလက်မဖြစ်သည်။ ကဒွတ်ကျေးရွာ လယ်မြေများသည် မြေနိမ့် ရေလွှမ်းဒေသဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပုဂ္ဂလိကပိုင် သွပ်ရည်စိမ်စက်ရုံဖွင့်လှစ်

**ရန်ကုန် မေ ၂၁**
ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြောင်းတကာသံမဏိစက်ရုံ၌ သံထည်ပစ္စည်းများ သံချေးတက်ခြင်းမှကာကွယ်ရန် သွပ်ရည်စိမ်ပေးသည့် စက်ရုံကို မေ ၂၀ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းစက်ရုံမှာ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်နှင့် ဂျပန်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တို့က အကျိုးတူပူးပေါင်းထားသည့် Futami-Mega Engineering ကုမ္ပဏီလီမိတက်ပိုင်စက်ရုံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

"ဒီစက်ရုံက မြန်မာနိုင်ငံအတွက် ပုဂ္ဂလိကကဏ္ဍမှာ ပထမဦးဆုံးသော စက်ရုံဖြစ်ပါတယ်။ နည်းစနစ်က ဂျပန်နိုင်ငံ Wabuchi စက်ရုံရဲ့ နည်းစနစ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့သတ်မှတ်တဲ့ Standard တွေနဲ့ ကိုက်ညီအောင်ထုတ်လုပ်ပေးမှာဖြစ်ပါတယ်"ဟု အဆိုပါကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဝင်းက ပြောသည်။

ယင်းစက်ရုံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးသွပ်ရည်စိမ်စက်ရုံဖြစ်ပြီး သွပ်ရည်စိမ်ကန်မှာ ခုနစ်မီတာရှည်ကြောင်း၊ သံထည်ပစ္စည်းများကို တစ်ရက်အတွင်း အနည်းဆုံး ၁၀ တန် သွပ်ရည်စိမ်ပေးနိုင်ကြောင်း၊ ဈေးနှုန်းအနေဖြင့် အင်္ဂလန်၊ ချန်နယ်၊ အန်ဂယ်စသည့် သံထည်ကြီးများကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ယူကြောင်း သိရသည်။

အဆိုပါစက်ရုံမှ နိုင်ငံတော်၏ ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သည့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်တာဝါတိုင်များ၊ ရထားလမ်း၊ ကားလမ်းအချက်ပြတိုင်များ၊ ရေနံချက်စက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံများရှိ သံထည်ပစ္စည်းများ အစရှိသည့် outdoor သုံးပစ္စည်းများကို သံချေးတက်ခြင်းမှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဦးခင်မောင်ဝင်းက ပြောသည်။

**(ဇာနည်မောင်)**

■

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး မေ ၂၀ ရက်က မောင်တောခရိုင်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်၊ ကျီးကန်းပြင် မီးသတ်စခန်းများသို့ လှည့်လည်စစ်ဆေးပြီး သင့်(၄)သင့်၊ မြန်(၃) မြန်ဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စွမ်းရည်ပြည့်ဆောင်ရွက်နိုင်ကြစေရန် လမ်းညွှန်မှာကြားစဉ်။

အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)

■



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၂ စီး၊ သွင်းကုန် ၅၈၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈ ဒသမ ၅၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၈၅၁၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ ခု (ခန့်မှန်းတန်ဖိုးကျပ် ၉၈ ဒသမ ၃၅၁၁ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၂၀ ရက်တွင် မန္တလေးမှမူဆယ်သို့ သွားရောက်မည့် Toyota Estima ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ မော်တော်ယာဉ်ထိုင်ခုံအောက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ ၄၇ တုံး (630kg) နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ သန်းခန့်)အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဟသ်ာတမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ ပြိုကျမှုနှင့် အမိုးလန်ပျက်စီးမှု ဖြစ်ပွား

**ဟသ်ာတ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မေ ၂၀ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး ရုတ်တရက် လေပြင်းများ တိုက်ခတ်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်များ အမိုးလန်၊ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လယ်တီကွင်းရပ်ကွက်၊ အေးမြသာယာရပ်ကွက် နှစ်ရပ်ကွက်နှင့် ပဲကြီးကျွန်း၊ ကိုင်းချောင်း၊ အိပ်ပျက်၊ လယ်တီ၊ ကျုံတုန်း၊ လက်ပံလှကျေးရွာအုပ်စုခြောက်အုပ်စုတို့တွင် နေအိမ်ပြိုကျပျက်စီးမှုများနှင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရပြီး ပြိုကျနေအိမ်နှင့် အမိုးလန်ပျက်စီးနေအိမ် အရေအတွက်စာရင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း ကနဦးသိရသည်။



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များအား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ တာဝန်ရှိသူများက ကူညီရေးလုပ်ငန်းများနှင့် နီးစပ်ရာဆွေမျိုးများထံ ပြောင်းရွှေ့နေနိုင်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ဟသ်ာတပြန်/ဆက်)**

# ခင်ဦးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများ ပျက်စီး

**ခင်ဦး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း မေ ၂၀ ရက် ညနေ ၃ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာလေးရွာရှိ နေအိမ်အမိုးများ ပျက်စီးခြင်းနှင့် အခြားအဆောက်အအုံ အမိုးများ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကဘွက်ကျေးရွာအုပ်စု ရုံးပင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဆေးပေးခန်း အမိုးလန်ခြင်း၊ သမင်ကျကျေးရွာတွင် နေအိမ် နှစ်လုံး အမိုးလန်ခြင်း၊ သင်ပေါင်းကျေးရွာအုပ်စု သင်ပေါင်းကျေးရွာတွင် လူနေအိမ် ၁၇ လုံး အမိုးလန်ခြင်း၊ နေအိမ်တစ်လုံး အုတ်ခုံကွဲအက်ခြင်း၊ နွားတဲတစ်လုံးနှင့် ဈေးဆိုင်ခန်းနှစ်လုံး ပြိုကျခြင်း၊ ထနောင်းကိုင်းကြီးကျေးရွာအုပ်စု ရွှေလူးအိုင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အမက(ခွဲ) တစ်ဆောင်နှင့် လူနေအိမ် ၂၃ လုံး အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခင်ဦးစိုးဝေ)**

# သုံးခွမြို့နယ်၌ မိုးကြိုးပစ်ခံရ၍ နှစ်ဦးသေဆုံး

**သုံးခွ မေ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စုနှင့် အောင်ပန်းစိန်ကျေးရွာအုပ်စုတို့၌ မိုးကြိုးပစ်ခံရ၍ လူနှစ်ဦးသေဆုံးသွားကြောင်း မေ ၂၀ ရက် ညနေ ၆ နာရီခန့်က သိရသည်။

ထုံးကြီးကျေးရွာနေ မပန်းအိဖြူ အသက်(၁၄)နှစ်သည် ထုံးကြီးကျေးရွာ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ လယ်ကွင်းစပ်တွင် ညနေ ၅ နာရီခွဲခန့်က ကန်စွန်းရွက်ခူးနေရင်း မိုးကြိုးထိမှန်၍ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ ဝဲနားသွေးထွက်ဒဏ်ရာ၊ ဝဲလက်မောင်းညိုမည်းပေါက်ပြဲဒဏ်ရာရရှိကာ သေဆုံးသွားကြောင်းနှင့် ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က အောင်ပန်းစိန်ကျေးရွာ အုပ်စု အောင်ပန်းစိန်ကျေးရွာနေ ဦးဌေးဝင်း အသက်(၄၆)နှစ်သည် အောင်ပန်းစိန်ကျေးရွာ အနောက်မြောက်ကွင်းထဲရှိ ပေ ၅၀၀ ခန့်အကွာ လယ်ကွက်တွင် လယ်ကန်သင်းပြုပြင်နေစဉ် မိုးကြိုးထိမှန်၍ ဝဲ၊ ယာနားထင်သွေးထွက်၊ ယာနားထင်ပေါက်ပြဲသွေးထွက်ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# မန္တလေး-လားရှိုးကားလမ်း ဝင်းဦးတံတားအောက်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**သီပေါ မေ ၂၁**

သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ပုံဖမ်းရွာအနီး ဝင်းဦးတံတား ရထားသံလမ်းကူးအောက် မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၁၂၀/ ၄-၅ )အကြား၌ မေ ၁၉ ရက် ညနေ ၄ နာရီကျော်ခန့်က လားရှိုးမှ မန္တလေးသို့ ခရီးသည်လေးဦးနှင့်အတူ ယာဉ်မောင်းညီညီထွန်း မောင်းနှင်လာသော အဖြူရောင်ယာဉ်ငယ်မှာ လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မန္တလေးမှလားရှိုးသို့ ယာဉ်မောင်း ဇော်သိန်း မောင်းနှင်လာသည့် (၂၂)ဘီးတွဲယာဉ်၏ ခါးလယ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့တိုက်မိခြင်းကြောင့် ယာဉ်ငယ်ပေါ်ပါ ခရီးသည်လေးဦးနှင့် ယာဉ်မောင်းတို့ ဒဏ်ရာများ ရရှိခဲ့ကြသည်။ ဒဏ်ရာရရှိသူများကို နယ်စည်းမခြား ပရဟိတအသင်း ကားဖြင့် သီပေါဆေးရုံသို့ပို့ဆောင် ပေးပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်လမ်းကြောင်းရှင်းလင်းရေး အတွက် ထိန်းသိမ်းဆောင်ရွက် ပေးခဲ့ကြသည်။ **(သီပေါကိုလတ်)**




# ဆိုင်ကယ်ဖြင့် လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၆၆) လမ်း၊(၃၀×၃၁) လမ်းကြားတွင် မဇင်သဲသဲဦး(၂၈)နှစ် မောင်းနှင်နေသည့် ဆိုင်ကယ်အနီးသို့ မေ ၁၉ ရက် ည ၁၀ နာရီခွဲခန့်က အမည်မသိအမျိုးသားသုံးဦး မောင်းနှင်လာသောဆိုင်ကယ်ကကပ်လာပြီး မဇင်သဲသဲဦး လွယ်ထားသည့် ပိုက်ဆံ၊ လက်ကိုင်ဖုန်းနှင့် အသုံးအဆောင်ပစ္စည်းများထည့်ထားသော လက်ဆွဲအိတ်အား လုယူထွက်ပြေးသွားသဖြင့် ဆိုင်ကယ်လဲကျသွားသောကြောင့် အော်ဟစ်အကူအညီတောင်းခံခဲ့ရာ နယ်မြေအတွင်းသတင်းစုံစမ်းနေသည့် တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ (၃၈×၆၄) လမ်းထောင့်အရောက် ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကျေးရွာနေ ရဲအောင်(၁၉)နှစ်၊ တစ်ရွာတည်းနေ မြတ်ထွန်းအောင်(၁၉)နှစ်နှင့် ဇော်မျိုးအောင် (၁၅)နှစ်တို့အား လုယူသွားသည့် လက်ဆွဲအိတ်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ရဲအောင်ပါ သုံးဦးတို့အား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



## ဖိလစ်လမ်း၊ အလွန်ဆိုနှင့် စတာကာတို့သုံးဦး ကစားသမားဘဝကို နှုတ်ဆက်ခဲ့ကြပြီ

ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်း၊ အလွန်ဆိုနှင့် စတာကာတို့ သုံးဦးသည် ဘိုယ်ယန်မြူးနစ်နှင့် ဖရိုင်းဘတ်အသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်ကို သူတို့၏ကစားသမားဘဝ နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့ကြကာ ကစားသမားဘဝကို အပြီးတိုင်နှုတ်ဆက်ခဲ့ကြပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းက သူတို့အသင်း ကြယ်ပွင့်ကစားသမား သုံးဦးကို လက်ဆောင်ပစ္စည်းများပေးအပ်ကာ နှုတ်ဆက်ပွဲကျင်းပ ပေးခဲ့သည်။

ဘိုင်ယန်က လမ်းကို ဂေါက်သီးရိုက်ပစ္စည်းအစုံပါ အိတ်တစ်အိတ်၊ ပန်းစည်းတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့သလို အလွန်ဆိုနှင့် စတာကာတို့အတွက် ပန်စည်းလက်ဆောင်တို့ကို ပေးအပ်ခဲ့သည်။ လမ်းမှာမူ ဘိုင်ယန်အသင်းသို့ ၁၉၉၅ ခုနှစ်ကတည်းက ရောက်ရှိခဲ့သူဖြစ်ပြီး အသက်(၃၃)နှစ်အရွယ်မှာပင် ကစားသမားဘဝမှ အနားယူသွားခဲ့ခြင်းဖြစ်သည်။ လမ်းသည် ဂျာမနီလက်ရွေးစင်ကစားသမားဘဝမှ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားရယူအပြီးတွင် အနားယူခဲ့ပြီး သုံးနှစ်အကြာမှာပင် ဘောလုံးကစားခြင်းစမှ ထပ်မံအနားယူသွားခဲ့သည်။

လမ်းသည် ကစားသမားဘဝတစ်လျှောက် ဘိုင်ယန်အသင်းအတွက်သာ ကစားခဲ့သူဖြစ်ပြီး လက်ရှိ ဘိုင်ယန်အသင်းခေါင်းဆောင်ဖြစ်သည်။ ပရိသတ်များက လမ်း၏ ဓာတ်ပုံများကို ကွင်းလုံးပြည့်ကိုင်ဆောင်ကာ ဖိလစ်လမ်းကို ဂုဏ်ပြုခဲ့ကြသည်။ လမ်းက ယခုနှစ်ရာသီ ကုန်တွင် ကစားသမားဘဝမှ အနားယူမည်ဟု ကြေညာ ခဲ့ပြီးနောက် နောက်နှစ်လအကြာမှာပင် အလွန်ဆိုကလည်း ရာသီကုန်တွင် ကစားသမားဘဝကို အနားယူမည်ဟု ထပ်မံကြေညာခဲ့ခြင်းဖြစ်သည်။

## ယူရိုပါလိဂ် ဖိုလ်လုပွဲစဉ်ရလဒ်ပေါ်မူတည်၍ မော်ရင်ဟို၏စာချုပ်ကို အလျော့အတင်းလုပ်ရန် မန်ယူအသင်း စီစဉ်ထား

မန်ယူအသင်းသည် ယူရိုပါလိဂ်ဖိုလ်လုပွဲတွင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ပါက နည်းပြမော်ရင်ဟို၏ လက်ရှိလေးနှစ်စာချုပ်ကို သက်တမ်းထပ်တိုးမည်ဖြစ်သလို လစာကိုလည်း ကမ္ဘာ့အမြင့်ဆုံးနှုန်းထားအထိ တိုးမြှင့်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ လက်ရှိ ဘောလုံးမန်နေဂျာများထဲတွင် လစာနှုန်းထား အမြင့်မားဆုံးရရှိနေသူမှာ မန်စီးတီးနည်းပြ ပက်ဂွါဒီယိုလာဖြစ်ပြီး တစ်နှစ်လုပ်ခ ပေါင် ၁၅ သန်းဖြစ်သည်။ မန်ယူသည် ယခုနှစ် ပရီမီယာလိဂ် အမှတ်ပေးဇယား အဆင့်(၄)နေရာ မဝင်ရောက်တော့သည်မှာ သေချာနေပြီဖြစ်ရာ ယူရိုပါလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံပြီး လာမယ့်ရာသီ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိရေး ကြိုးပမ်းရတော့မည်ဖြစ်သည်။

ထို့ကြောင့် မန်ယူမှာ မော်ရင်ဟို၏ စာချုပ်နှင့် ပတ်သက်၍ အောင်မြင်မှုအလိုက် အတိုးအဆုတ်လုပ်ရန် စီစဉ်ထားပြီး ယင်းစနစ်မျိုးကို နည်းပြဗန်ဟားလ်လက်ထက်ကလည်း တစ်ကြိမ် ကျင့်သုံးခဲ့ဖူးသည်။ မန်ယူသည် ဗန်ဟားလ်လက်ထက်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရစဉ်က သက်တမ်းထပ်မံတိုးမြှင့်ခဲ့သော်လည်း နောက်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ပြီးနောက် လျော်ကြေးပေးကာ အသင်းမှ ထုတ်ပယ်ခဲ့ဖူးသည်။

မန်ယူအသင်းနှင့် အက်ဒီးဒက်စ်ကုမ္ပဏီတို့ ချုပ်ဆိုခဲ့သော ပေါင်သန်း ၇၅၀ တန် စာချုပ်တွင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်မရရှိသည့်နှစ်တွင် တစ်ရာသီစာ စာချုပ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း လျှော့ချယူမည်ဟူသော အချက်ပါရှိရာ မန်ယူသာ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ပါက ဝင်ငွေ ပေါင်သန်း ၅၀ အထက် ဆုံးရှုံးမည်ဖြစ်သည်။ မော်ရင်ဟိုက သူ၏နည်းပြ သက်တမ်းတစ်လျှောက် မန်ယူအသင်းတွင်လောက် မည်သည့်အသင်းအတွက်မျှ အားစိုက်ခဲ့ဖူးခြင်းမရှိသလို မန်ယူအသင်း လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိရေးမှာ သူ၏ အကြီးမားဆုံး မျှော်လင့်ချက်ဖြစ်ကြောင်း ဆိုခဲ့သည်။ မန်ယူအသင်းသည် ၂၀၁၃ ခုနှစ်တွင် နည်းပြ ဖာဂူဆန် အနားယူသွားပြီးနောက်ပိုင်း ချန်ပီယံလိဂ်ဝင်ခွင့် တစ်နှစ်သာ ရရှိခဲ့ပြီး ကျန်နှစ်များတွင် ထိပ်ဆုံးလေးနေရာဖြင့်ပင် ရာသီမသိမ်းနိုင်ဘဲ လေးရာသီအတွင်း နည်းပြသုံးဦးအထိ ပြောင်းလဲခဲ့ရပြီးဖြစ်သည်။



မေလှဲ့သင်း
စုစည်းသည်


## မန်ယူအနာဂတ်အသင်းခေါင်းဆောင်အဖြစ်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီလို့ ဟာရဲရား ကြွေးကြော်

မန်ယူအသင်းခေါင်းဆောင် ရွန်းနီမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်ယူမှထွက်ခွာရန် သေချာသလောက်ရှိနေပြီဖြစ်ရာ ဟာရဲရားက မန်ယူအသင်းခေါင်းဆောင်ရာထူးကို လွှဲပြောင်းရယူရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ကြွေးကြော်လိုက်သည်။

ဟာရဲရားမှာ မန်ယူနည်းပြ မော်ရင်ဟို လက်အောက်တွင် ခြေစွမ်းထက်နေတဲ့ ကစားသမားဖြစ်ပြီး ပြီးခဲ့တဲ့ ယခုနှစ် မန်ယူအသင်းရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူဖြစ်သည်။ ဟာရဲရားက မန်ယူအသင်းခေါင်းဆောင်များမှာ အသင်း၏ဂန္ထဝင်ကစားသမားများလည်းဖြစ်ရာ သူ့အနေဖြင့် ယင်းရာထူးကို ရရှိရန် အကောင်းဆုံးကြိုးပမ်းမှုဖြင့် အောင်မြင်မှုကိုရယူသွားမည်ဖြစ်ကြောင်း သူ၏ယုံကြည်ချက်ကို ပြောကြားခဲ့သည်။

ဟာရဲရားက မန်ယူအသင်းတွင် စမောလင်း၊ ဒီဂီယာနှင့် မာတာတို့လို သူ့ထက် စီနီယာကျသည့် ကစားသမားများဖြစ်သည့်အတွက် လာမယ့်ရာသီတွင် အသင်းခေါင်းဆောင်နေရာ ရရှိ မရရှိမသိသော်လည်း တစ်နေ့တွင် မန်ယူအသင်းခေါင်းဆောင်ဖြစ်နိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။ ဟာရဲရားမှာ ၂၀၁၄ ခုနှစ်တွင် ဘီဘာအိုမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ထင်ရှားတဲ့ ခြေစွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့ခြင်းကြောင့် ပရိသတ်များ၏ ချစ်ခင်နှစ်သက်မှုရရှိတဲ့ ကစားသမားလည်းဖြစ်သည်။

## မက်ဆီရဲ့အရိပ်အောက်မှ လွတ်ကင်းနိုင်ရန် ဘာစီလိုနာမှ နေမာထွက်ခွာ၍ မန်ယူသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေဟု သတင်းများထွက်ပေါ်လာ



ဘာစီလိုနာ တိုက်စစ်မှူးနေမာမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကို မည်သူမျှ မငြင်းပယ်နိုင်သော်လည်း ဘာစီလိုနာအသင်းတွင်မူ ကမ္ဘာ့စူပါစတား မက်ဆီရဲ့ လွှမ်းမိုးမှုအောက် ကျရောက်နေတဲ့အတွက် ဘာစီလိုနာမှထွက်ခွာကာ မန်ယူသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီဟု ဒါရီယိုဂိုးအားကစားစာစောင်က ဖော်ပြသည်။

နေမာမှာ ဘာစီလိုနာသို့ရောက်ရှိခဲ့သည့် လေးနှစ်တာကာလအတွင်း လာလီဂါဖလားနှစ်ကြိမ်၊ ကိုပါဒယ်ရေး ဖလားနှစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်တို့ကို ဆွတ်ခူးနိုင်ခဲ့သော်လည်း မက်ဆီရဲ့ မြင့်မားလှတဲ့ကျော်ကြားမှုအရှိန်ကြောင့် ထင်ရှားသင့်သလောက် ထင်ရှားခြင်းမရှိပေ။ နေမာမှာ ပြီးခဲ့တဲ့နှစ်ရာသီအတွင်း တစ်ရာသီ ဂိုး ၃၀ ကျော် ပျမ်းမျှသွင်းယူနိုင်သူဖြစ်သော်လည်း ယခုနှစ်ရာသီတွင် သွင်းဂိုးနှုန်း ကျဆင်းနေသလို ဝေဖန်မှုများစွာကြုံတွေ့နေခဲ့ရသည်။ ယင်းသို့သော အခြေအနေများကြောင့် လေးရာသီကြာကျင်လည်ပြီးနောက် ဘာစီလိုနာမှထွက်ခွာကာ အသင်းသစ်တစ်ခုကို ပြောင်းရွှေ့ရန် စိတ်ကူးလာခြင်းဖြစ်သည်။

မန်ယူသို့ နေမာ ပြောင်းရွှေ့ရေး အဓိကဆန္ဒရှိသူမှာ ကာယကံရှင် နေမာမဟုတ်ဘဲ ဖခင် စီနီယာနေမာသာလျှင်ဖြစ်ပြီး အိုးထရက်ဖို့ဒ်ကွင်းသို့ ရောက်ရှိရေးအတွက် ချိတ်ဆက်မှုများ ပြုလုပ်နေပြီဟု သိရသည်။ နေမာကလည်း ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း သူနှင့် ရင်းနှီးတဲ့မိတ်ဆွေများကို မန်ယူက သူ့အတွက် ပေါင်သန်း ၁၇၀ အထက် အသုံးပြုရန်ရှိနေကြောင်း ပြောကြားခဲ့သေးသည်။ မက်ဆီမှာ လက်ရှိတွင် အသက်(၃၀)နီးပါးရှိနေပြီဖြစ်သောကြောင့် နေမာမှာ အနာဂတ်တွင် နျူးကမ့်ကွင်း၏အတောက်ပဆုံးကြယ်ပွင့်ဖြစ်လာမည်ဟု အားလုံးက ဟောကိန်းထုတ်နေကြသော်လည်း ယခုကဲ့သို့သတင်းများ ထွက်လာခဲ့သည်။

## အင်္ဂလန်ဘောလုံးလောကမှ များစွာသင်ကြားစရာများရှိခဲ့ဟု ဂွါဒီယိုလာယုံကြည်

မန်စီးတီးနည်းပြ ဂွါဒီယိုလာက သူ၏ အင်္ဂလန်ဘောလုံးလောက ပထမရာသီတွင် သင်ခန်းစာများစွာကို လေ့လာသင်ယူခဲ့ရကြောင်း ဖွင့်ဟခဲ့သည်။ ဂွါဒီယိုလာက ချယ်လ်ဆီးအသင်း အဘယ်ကြောင့် အောင်ပွဲခံနိုင်ခဲ့သည်ဆိုသည်ကို အဖြေထုတ်ခြင်းဖြင့် မန်စီးတီးအသင်း၏ အဓိကလိုအပ်နေမှုကို ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

ဂွါဒီယိုလာက ပထမရာသီတွင် ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းနိုင်ရေးဆိုသည်ထက် ပိုမိုများပြားသော သင်ခန်းစာများကို သင်ယူခဲ့ရပြီး သွင်းဂိုးများ ပိုမိုသွင်းယူနိုင်ရေးကသာ အောင်မြင်စေမယ့် တစ်ခုတည်းသောအကြောင်းတရားဟု ဖွင့်ဟပြောကြားခဲ့သည်။ သို့သော် မန်စီးတီးတိုက်စစ်မှူးများဖြစ်သော အဂူရိုက ၃၁ ဂိုး၊ စတာလင်းက ၁၀ ဂိုး သွင်းယူနိုင်ခဲ့ကြသော်လည်း နေရာစုံမှ ဂိုးသွင်းယူနိုင်တဲ့ ကစားသမားများပြားတဲ့ ချယ်လ်ဆီးအသင်းကို လိုက်မမီဘဲ အမှတ်ပြတ်အနေအထားဖြင့် ပရီမီယာလိဂ်ဖလားကို စောစောစီးစီး လက်လွှတ်ခဲ့ရသည်။

ဂွါဒီယိုလာက အိမ်ကွင်းပွဲစဉ်များတွင် သွင်းဂိုးများများ မသွင်းယူနိုင်ခြင်းက ကျရှုံးခြင်းထဲမှ အကြောင်းတစ်ချက်ဖြစ်သလို တိုက်စစ်မှူး ဒီဘရိုင်း၏ ကန်ချက်များ ဂိုးဘားတန်းထိ ထွက်ခဲ့သည်များကြောင့်လည်း ကန်ချက် အချိန်အဆကို ဒီဘရိုင်း ပြန်လည်လေ့ကျင့်ရတော့မည်ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သို့သော် ယခုနှစ်ရာသီအမှားများကိုပြင်ဆင်၍ လာမယ့်ရာသီ ချန်ပီယံဆုအတွက် အကောင်းဆုံးစိန်ခေါ်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ကြောင်း ကတိပြုစကားဆိုခဲ့သည်။



# ကမ်းပြိုသည့်ကျေးရွာများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်တွေ့ဆုံအားပေး

**ပဲခူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက အုန်နွဲစံပြကျေးရွာ ဖွဲလင်းစိုက်ပျိုးရေးခန်းမ၌ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရသည့် ကဝမြို့နယ် မမောက်ကျေးရွာရှိ မိသားစုများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေတို့က နှစ်သိမ့်အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရသော မမောက်ကျေးရွာရှိ မိသားစုဝင်များထံ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှထောက်ပံ့သော ထောက်ပံ့ငွေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှပေးအပ်သော ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးအားလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေက တစ်ပတ်စာဆန်ရိက္ခာဖိုးငွေများကိုလည်းကောင်း ပေးအပ်ကြသည်။ ယင်းနောက် မမောက်ကျေးရွာအိမ်ထောင်စုဝင်များကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ရသည့် မမောက်ကျေးရွာတွင် အိမ်ထောင်စု ၄၂၆ စု၊ လူဦးရေ ၂၃၉၀ ရှိသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၄၂၆ သိန်း၊ လူတစ်ဦးလျှင် တစ်နေ့ဆန်နှစ်ဘူးနှုန်းဖြင့် တစ်ပတ်စာအတွက် စုစုပေါင်းဆန်ရိက္ခာဖိုးငွေကျပ်သိန်း ၅၀ ကျော်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးအတွက် ငွေကျပ်သိန်း ၈၀ ကျော် စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၅၆ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧပြီ ၁ ရက်မှ မေ ၁၉ ရက်အထိ ဘေးဖြစ်ပွားမှုအကြိမ်ရေ ၄၆ ကြိမ်အတွက် ထောက်ပံ့ပေးမှုမှာ ငွေကျပ်သိန်းပေါင်း ၁၃၂၇ ကျော် ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပြည်သူများ၏ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုပြောကြား

**မကွေး မေ ၂၁**

မကွေးမြို့ သူနာပြု သားဖွားသင်တန်းကျောင်း၏ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက မကွေးမြို့ သူနာပြုသင်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားရာတွင် ပြည်သူများ၏ ကျန်းမာရေးသည် အလွန်အရေးကြီးသဖြင့် ပြည်သူများကို ပြုစုကုသဆောင်ရွက်ပေးသည့် သူနာပြု သားဖွားများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အဓိကကျသော အခန်းကဏ္ဍတွင်ရှိသည့်အတွက် မိမိတို့လက်တွေ့ကွင်းဆင်းချိန်ကစပြီး သူနာပြုများ လိုက်နာရမည့်ကျင့်ဝတ်နှင့် သိက္ခာများကို အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းပြီး ပြည်သူများကိုစိတ်စေတနာမှန်ကန်စွာ ပြုစုစောင့်ရှောက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မကွေးမြို့ သူနာပြု သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများအပ်နှင်းခဲ့သည်။ ဆက်လက်ပြီး သူနာပြု သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း သင်တန်းသား၊ သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်များကို ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် မကွေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများက ကရုဏာအလင်း၊ ထာဝရသစ္စာ၊ မနောမြေမှတေးသံသာများဖြင့် ဖျော်ဖြေကြသည်။

မကွေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ သင်တန်းသား၊ သင်တန်းသူများကို နိုင်ငံတော်က တစ်ဦးလျှင် ပညာသင်ထောက်ပံ့ကြေးကျပ် ၃၀၀၀၀ ထောက်ပံ့ပေးလျက်ရှိပြီး သင်တန်းကျောင်း၏ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ရေသန့်စက်ကိုလည်း လှူဒါန်းပေးထားကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ပြည်သူ့သားကောင်း၊ သမီးကောင်းဖြစ်အောင် ကြိုးစားကြစေရန် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်တွန်း

**ထားဝယ် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး သူနာပြုသင်တန်းကျောင်း အပတ်စဉ်-၂၄ (၂၀၁၆-၂၀၁၉) ပညာသင်နှစ် သူနာပြုသင်တန်းသား၊ သင်တန်းသူများ၏ ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်းခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရမှ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားရေးဦးတည်ချက်တစ်ရပ်ချမှတ်ပြီး အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ဂုဏ်ဆောင် ထားဝယ်သူနာပြုသင်တန်းကျောင်းသည်လည်း စတင်ဖွင့်လှစ်သည့် ၁၉၉၃ ခုနှစ်မှစ၍ ယနေ့အထိ အရည်အသွေးပြည့်မီသည့် သူနာပြုဦးရေ ၉၄၅ ဦး မွေးထုတ်ပေးခဲ့ကြောင်း၊ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ အတွေးအခေါ်မှန်ကန်ညီမျှအောင် စိတ်ဓာတ်စွမ်းရည်မြှင့်တင်ပြီး မိမိကိုယ်မိမိ နိုင်ငံတော်၏ ပြည်သူ့သားကောင်း၊ သမီးကောင်းဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ထားဝယ်သူနာပြုသင်တန်းကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင်က (capping and coating) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပတ်စဉ်-၂၄ သင်တန်းသား၊ သင်တန်းသူ ၅၃ ဦးအား ထားဝယ်သူနာပြုကျောင်းအုပ်ကြီးက ဂျူတီကုတ်နှင့် ဦးဆောင်းများကို အပ်နှင်းပေးပြီး ကျောင်းအုပ်ကြီးထံမှ လက်ဆင့်ကမ်းဆီမီးတိုင်များထွန်းညှိ၍ သင်တန်းသား၊ သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခဲ့သည်။

ထို့နောက် အပတ်စဉ်-၂၃ (၂၀၁၃-၂၀၁၆) ပညာသင်နှစ်သူနာပြုသင်တန်းသား၊ သင်တန်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တရားသူကြီးချုပ်ဦးတင်အောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ထားဝယ်ပြည်သူ့ဆေးရုံကြီး ကုသရေးဦးစီးမှူး ဒေါက်တာမျိုးသန့်တို့က ထူးချွန်ဆုများကို ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး မြင်းခြံအကျဉ်းထောင်စစ်ဆေး

**မြင်းခြံ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်လေးလေးမွန်သည် မေ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အကျဉ်းထောင်သို့ စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းတရားသူကြီး ဒေါ်လေးလေးမွန်၊ မြင်းခြံခရိုင် တရားသူကြီး ဒေါ်ရီရီထူး၊ မြို့နယ်တရားသူကြီး ဦးချစ်ကိုကိုတို့သည် အကျဉ်းထောင်သို့ရောက်ရှိရာ အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက မြင်းခြံအကျဉ်းထောင်အတွင်းရှိ ပြစ်ဒဏ်ကျခံနေသူများ၊ အချုပ်တရားခံများအားထားရှိမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းတရားသူကြီး ဒေါ်လေးလေးမွန်က အကျဉ်းသား၊ အကျဉ်းသူများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ၊ မရှိ၊ အစားအစာအာဟာရပြည့်စုံမှုရှိ၊ မရှိ၊ ကျန်းမာရေးအတွက် ဆေးကုသခွင့်ရှိ-မရှိ၊ လုံခြုံစွာထားရှိမှုရှိ၊ မရှိ၊ နှိပ်စက်ညှဉ်းပန်းခြင်းရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည်တို့ကို မေးမြန်းခဲ့သည်။

ဆက်လက်၍ တိုင်းတရားသူကြီး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးတို့သည် အချုပ်တရားခံများ၊ ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား၊ အကျဉ်းသူများ၏ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**





# ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆောင်ရွက်ရန် အသိပေးရှင်းလင်း

**ဗဟန်း မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအဆင့် အသိပေးရှင်းလင်းဆွေးနွေးပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည်။ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ပထမနှစ်စီမံချက်အဖြစ် စတင်ချမှတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက်ကြောင့် တက်ရောက်လာသူများမှ ဝိုင်းဝန်းကူညီပံ့ပိုးဆွေးနွေးပေးနိုင်ရန် တိုင်းအဆင့် အသိပေးရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက စီမံချက်ဆောင်ရွက်မည့် ကဏ္ဍငါးရပ်အား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် တိုင်းဒေသကြီး/ခရိုင်အဆင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်မိမိကြွယ်နှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် သက်ဆိုင်သည့်ဌာနများမှ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး/ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# မြစ်ကြီးနားမြို့၌ ပင်မရေနုတ်မြောင်းများ ဆောက်လုပ်ပြီးစီးမှု ကချင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မေ ၂၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပင်မရေနုတ်မြောင်းများ မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိသော ခေမာသီရိရပ်ကွက်နှင့် မြို့သစ်ကြီးရပ်ကွက်တို့ရှိ ပင်မရေနုတ်မြောင်းများကို ကျောက်စီရေနုတ်မြောင်းများအဖြစ် ဆောင်ရွက်နေမှုကို မေ ၂၀ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေမာသီရိရပ်ကွက် လမ်းသွယ်(၂)အတွင်း ဖြတ်သန်းသွားသော ပင်မရေနုတ်မြောင်း ပေ ၄၂၄၀ ကို ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှုနှင့် ကွန်ကရစ်ရေကျော်တံတားများ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ် (၂/၂၂၈) ၌ ရေနုတ်မြောင်းတူးဖော်ဆောက်လုပ်နေမှု၊ တံတားချဉ်းကပ်လမ်းဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုကြပြီး တံတားအနီး ပြည်ထောင်စုလမ်းမကြီးနှင့် ဗန္ဓုလလမ်းဆုံ၌ အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မီးပွိုင့်တပ်ဆင်နိုင် ရေးစီစဉ်ဆောင်ရွက်သွားရန် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့သစ်ကြီးရပ်ကွက်အတွင်း ဖြတ်သန်းသွားသောပင်မရေနုတ်မြောင်း ပေ ၅၂၀၀ ကျောက်စီရေနုတ်မြောင်းအဖြစ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ဆဲလုပ်ငန်းများကို ခိုင်မာသေသပ်စွာ ဆောက်လုပ်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**





# ပြည်သူများကလည်း ဂိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာလျှင် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ပြောကြား

**ဟားခါး မေ ၂၁**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးမင်းရွှေ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက်က ဖလမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မေ ၂၀ ရက် နံနက်ပိုင်းက ဟားခါး-ဖလမ်းကားလမ်းပေါ်၌ စက်ယန္တရားများဖြင့် မြေကာနံရံ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မိုးဦးမကျမီကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို လမ်းညွှန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့ လေယာဉ်ကွင်း(ဆူရဲဘုန်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ယူတည်ဆောက်လျက်ရှိသော လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာများက တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လိုင်ဗားဆည်သို့ ရောက်ရှိကြရာ ဆည်အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ဆည်တာတမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆည်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောများထိန်းသိမ်းရေးတို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာအုပ်စု တလန်ဇာရ်ကျေးရွာ၌ ကျေးလက်နေဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့အစိုးရတစ်ခုတည်းဖြင့် ဖော်ဆောင်၍ မရနိုင်ပါကြောင်း၊ အစိုးရအနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသလို ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာလျှင် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်ကပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးရွာ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ခင်ဦးမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပျက်စီး

**ခင်ဦး မေ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မေ ၂၀ ရက် ညနေ ၃ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ အမိုးလန်ခြင်း၊ ပြိုကျခြင်းများ ဖြစ်ပွားခဲ့သည်။

ရုံးပင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးဆေးပေးခန်းနှင့် စာကြည့်တိုက်တစ်လုံး၊ သမင်ကျကျေးရွာတွင် လူနေအိမ်နှစ်လုံး၊ သင်ပေါင်းကျေးရွာတွင် လူနေအိမ် ၁၉ လုံး၊ ရွှေလူးအိုင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး အ. မ. ကခွဲကျောင်းဆောင်တစ်ဆောင်၊ လူနေအိမ် ၂၃ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သောကျေးရွာများသို့ အချိန်နှင့်တစ်ပြေးညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးသန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းယုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးပိုင်တို့ ဦးဆောင်သောအဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှကျင်းပသော မြန်မာ့သရက်နှင့်လက်ဖက်ပြပွဲ၊ စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲကျင်းပ

**မန္တလေး မေ ၂၁**
မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် မြန်မာ့သရက်သီးပွဲတော်၊ ပထမအကြိမ်မြန်မာ့လက်ဖက်ပွဲတော်နှင့် ၂၀၁၇ ခုနှစ် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲ ဖွင့်ပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ၌ ကျင်းပသည်။

မြန်မာ့သရက်သီးနှင့်လက်ဖက်ပွဲတော်၊ စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သီးနှံကာကွယ်ရေးအသင်းအထွေထွေအတွင်းရေးမှူး Dr.Li Zhonghua တို့ တက်ရောက်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် သရက်သီးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ လက်ဖက်နှင့်ပတ်သက်သော စားသောက်ဖွယ်ရာများပြင်ဆင်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဈေးကွက်ဆိုင်ရာဟောပြောပွဲ၊ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ၊ တောင်သူချင်းအသိပညာနှီးနှောဖလှယ်ပွဲများ ကျင်းပရာ သီးနှံပိုးမွှားကာကွယ်ရေးဌာနခွဲမှ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ တရုတ်စိုက်ပျိုးရေးပညာရှင် Mr.Mongall က သရက်စိုက်ပျိုးခြင်းနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းကိုလည်းကောင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်မှ သရက်စိုက်တောင်သူများနှင့် နည်းပညာဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၇ ခုနှစ် စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲကိုလည်း အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) အားကစားခန်းမ၌ ကျင်းပရာ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ နယ်သာလန်နိုင်ငံတို့မှ စိုက်ပျိုးရေးကုမ္ပဏီများ၊ စိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ သီးနှံကာကွယ်စောင့်ရှောက်မှုတွင်ပါဝင်သော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ အပင်ပုံမှန်ကြီးထွားဆေးများကို ပြခန်းပေါင်း ၉၀ ကျော်ဖွင့်လှစ်ပြသထားသည်။



မြန်မာ့သရက်နှင့်လက်ဖက်ပြပွဲ၊ စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲကို မေ ၂၀ ရက်မှ ၂၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# မြန်မာ့ရိုးရာစွန်အလှပြနှင့် စွန်ဖြတ်ပြိုင်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဘားအံ မေ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာ့ရိုးရာစွန်လွှတ်အားကစားနည်းများ မပျောက်ပျက်စေရေးပြန်လည်ဖော်ထုတ်ခြင်းနှင့် ပြည်နယ်ကိုယ်စားပြုလက်ရွေးစင်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် ပထမအကြိမ် ဌာနပေါင်းစုံ၊ ရပ်ကွက်ပေါင်းစုံ မြန်မာ့ရိုးရာစွန်အလှပြနှင့် စွန်ဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီက အမှတ် (၇) ရပ်ကွက်ရှိ မန်းဘခိုင်လမ်းဘေး ကွင်းပြင်၌ ကျင်းပသည်။

ဖွင့်ပွဲအထိမ်းအမှတ်အလံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံသို့ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက ပေးအပ်ပြီး ပြိုင်ပွဲဝင်စွန်များအား ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးအေးလွင်ကပေးအပ်ရာ ပြိုင်ပွဲဝင်အားကစားသမားများက လက်ခံရယူကြသည်။

မြန်မာ့ရိုးရာစွန်အလှပြနှင့်စွန်ဖြတ်ပြိုင်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့တွင် ပထမဦးဆုံးအကြိမ် ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူးပြီး ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးဆောင်ကာ ကျင်းပရခြင်းဖြစ်ပြီး ယခုခေတ်လူငယ်များ အနေဖြင့် စွန်လွှတ်ကစားနည်းများကို ဆော့ကစားမှုနည်းပါးလာခြင်းကြောင့် မြန်မာ့ရိုးရာကို ထိန်းသိမ်းသည့်အနေဖြင့် နှစ်စဉ် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်စဉ်နှစ်တိုင်းကျင်းပမည့် ပြိုင်ပွဲများတွင်လည်း လက်ရွေးစင်များဖြင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဦးအေးလွင်က ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ဘားအံမြို့နယ်အတွင်း ဌာန ၃၆ ဌာန၊ ရပ်ကွက်(၂)ရပ်ကွက်မှ စွန်အလှပြပြိုင်ပွဲတွင် ၁၃ ဦး၊ စွန်ဖြတ်ပြိုင်ပွဲတွင် ၄၂ ဦးသည် ဒိုင်အဖွဲ့၏ စည်းကမ်းချက်များအတိုင်း ယှဉ်ပြိုင်ကြရမှာဖြစ်ပြီး ဗိုလ်လုပွဲအပြီးတွင် ဆုများကို ဆက်လက်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျောက်(ဘားအံ)**

# ကဝမြို့ရှောင်လမ်းဖောက်လုပ်မည့်နေရာအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် မေ ၁၉ ရက် ညနေ ၄ နာရီက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ဌာနဆိုင်ရာများနှင့်အတူ ကဝမြို့ရှောင်လမ်းဖောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကဝမြို့ရှောင်လမ်းဖောက်လုပ်မည့်စီမံကိန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက မြေပုံနှင့်တကွ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့မှ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ပဲခူးမြစ်ကူး (ကဝ)သံကူကွန်ကရစ်တံတားကို ကြည့်ရှုကြသည်။

ကဝမြို့ရှောင်လမ်းသည် အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်း မိုင် ၈/၀ မှ ၁၀/၄ အထိ နှစ်မိုင်သုံးဖာလုံရှည်လျားပြီး ကဝမြို့တွင်း ယာဉ်ကြောကြပ်တည်းမှုမရှိစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ငွေကျပ်သန်း ၅၂၃၀ ဖြင့် ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်မည်ဖြစ်သည်။

ယင်းမြို့ရှောင်လမ်းပေါ်တွင် အရှည်ပေ ၆၀၀၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတစ်စင်း၊ အရှည်ပေ ၆၀ နှစ်လမ်းသွားကွန်ကရစ်တံတားတစ်စင်း၊ အရှည် ၁၀ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ၁၅ ပေအရှည် ကွန်ကရစ်တံတား နှစ်စင်း၊ ငါးပေ Box Culvert ၁၈ စင်း ပါဝင်တည်ဆောက်မည့်အပြင် ၂၈ ပေအကျယ် တစ်လက်မဒုဂဝံ Sub Base Courseခင်းခြင်း၊ ၂၆ ပေအကျယ် ကိုးလက်မဒု Well Graded Base Course ခင်းခြင်း၊ အရှည် နှစ်မိုင်လေးဖာလုံ၊အကျယ်ပေ ၄၀ မြေသားတာပေါင်တည်ဆောက်ခြင်း၊ နှစ်လက်မဒု ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ပါဝင်လုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါလမ်းသည် ပဲခူး-သနပ်ပင်-ခရမ်း-သံလျင်လမ်းနှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်-တောင်ငူ-မန္တလေးလမ်းနှင့်လည်း ချိတ်ဆက်လျက်ရှိသည်။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သီလဝါဆိပ်ကမ်းမှကုန်ပစ္စည်းများသယ်ဆောင်ရာတွင် အဓိကကျသောလမ်းဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် အထောက်အကူပြုမည့်လမ်းပိုင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဆိပ်ကမ်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းပြီးစီးသွားပါက အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်းသည် ပဲခူးမြို့ မြို့အဝင်လမ်းတစ်ခုဖြစ်လာမည်ဖြစ်သည်။ ကဝမြို့ရှောင်လမ်း၏ဝဲယာတွင်လည်း မြို့အင်္ဂါရပ်နှင့်အညီ မြို့ပြဖွံ့ဖြိုးမှုပုံစံ စနစ်တကျဖြစ်ပေါ်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

&efukbfrWkbmomuvmP , k toif;cyf(YMBA) \ (68)ud
ajrmuf38jzmr*vmw&m;awmfEShf
Ak0ifmar;yqky;yukr 21 &uf
e-uf9em&D (YMBA) toif;cyf
üu;ify&m toif0uf(0Dwif0if
( t*i/[mr*v"raZmwd"Z) u
tzifhrSmu;ajymum;y;Dqkm;ay;
tyf;DSfmqk&6ylbdrfU.x.u
(2)rSv , fwefyq&mra'a&Zif
ckHu au;Zlwifum;jyefvnfjym
lum;chumifoHonf

**အောင်ဆွေ(ရွှေတံတား)**





# ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ပြိုလဲ၊ လူ၊ ဈေးဆိုင်နှင့်မော်တော်ယာဉ်များအပေါ်ပိကျ

**ပန်းတောင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ အကောက်တောင်ဘုရားသို့သွားသော ဧရာဝတီမြစ်ကမ်းဘေးအနီးတွင် မေ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်က ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ဈေးဆိုင်တစ်ဆိုင်၊ လူနှစ်ဦးနှင့် ဘုရားဖူးယာဉ်သုံးစီးတို့အပေါ်သို့ စိန်ပန်းပင်ပြိုလဲပိကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါလေဘေးသင့်မှုအား ပြည်ခရိုင်မီးသတ်တပ်ဖွဲ့နှင့် လူကယ်ပြန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသတွင်းလူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပြီး သစ်ပင်ပိခံရသူနှစ်ဦးအနက် တစ်ဦးမှာ ထုံးဘိုမြို့တိုက်နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ကျန်တစ်ဦးအား တာဝန်ရှိသူများက ပြည်မြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှုကျဆင်းရေးအသိပညာပေး

**ဒဂုံမြို့သစ်(မြောက်ပိုင်း) မေ ၂၁**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် ၄၈ ရပ်ကွက် ဇေယျာသိဒ္ဓိဓမ္မာရုံ၌ မေ ၁၈ ရက်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးဟောပြောပွဲကိုကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမော်က သက်ငယ်မုဒိမ်းမှုလျော့ကျရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဆွေမြင့်၊ ထားဝယ်ချောင်ရဲကင်းစခန်းမှူး ရဲအုပ်ဝင်းဇော်ဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**

# တောင်ငူတက္ကသိုလ်မှကျောင်းသားကျောင်းသူများဒီးမော့ဆိုမြို့နယ်အတွင်းလေ့လာ

**ဒီးမော့ဆို မေ ၂၁**

တောင်ငူတက္ကသိုလ်မှ ပါမောက္ခဌာနမှူး ဒေါက်တာဝင်းဝင်းသန်း ဦးဆောင်၍ ပါမောက္ခဆရာမများ၊ သတ္တဗေဒဌာနမှ တတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၅၈ ဦး၊ စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူ ၁၂၃ ဦး၊ ပထမနှစ် ဂုဏ်ထူးတန်း ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး၊ ဒုတိယနှစ် ဂုဏ်ထူးတန်း ကျောင်းသား၊ ကျောင်းသူ ကိုးဦး၊ တတိယနှစ် ဂုဏ်ထူးတန်း ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ မဟာသိပ္ပံ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး စုစုပေါင်း ၂၂၁ ဦးသည် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်း အထင်ကရနေရာများအား လာရောက်လေ့လာကြကြောင်း သိရသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပျားလုပ်ငန်းဌာနသို့ လာရောက်လေ့လာကြပြီး လွိုင်ကော်မြို့နယ်တာဝန်ခံ ဦးကျော်ဦး၊ ဒီးမော့ဆိုမြို့နယ်တာဝန်ခံ ဦးခင်မောင်တင့်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ သိရှိလိုသည်များကို လိုက်လံရှင်းလင်းပြောကြားပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ စာတမ်းပြုစုရာတွင် မိမိနှင့်သက်ဆိုင်သော စာတမ်းခေါင်းစဉ်အလိုက် အခက်အခဲမရှိစေရေးအတွက် သွားရောက်လေ့လာခြင်းဖြစ်ကြောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိ လောပိတရေအားလျှပ်စစ်စက်ရုံ၊ သဘာဝကြွတ်ဂူနှင့် မြကလပ်တောင်တော်ကိုလည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်တွင် ပန်ပက်ကျေးရွာ၊ ငွေတောင်ဆည်နှင့် မြို့နယ်ပျားလုပ်ငန်းဌာနကိုလည်းကောင်း သွားရောက်လေ့လာပြီး ရှမ်းပြည်နယ်တွင် တောင်ကြီး၊ အင်းလေးနှင့် ရွှာင်ကို ဆက်လက်သွားရောက် လေ့လာသွားမည်ဖြစ်ကြောင်း ပါမောက္ခဌာနမှူး ဒေါက်တာဝင်းဝင်းသန်းက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပခုက္ကူမြို့နှစ်(၉၀၀)ပြည့်သီဟိုဠ်ရှင်စေတီတော်မြတ်ကြီးအား စိန်ဖူးတော်သစ်တင်လှူမည်



**ပခုက္ကူ မေ ၂၁**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မြစ်ကိုင်းရပ်ရှိ သီဟိုရှင်ဠ်စေတီတော်မြတ်ကြီးကို အလောင်းစည်သူမင်းကြီးက မြန်မာသက္ကရာဇ် ၄၇၉ ခုနှစ်တည်ထားကိုးကွယ်ခဲ့ရာ ယခုဆိုလျှင် နှစ်(၉၀၀) ပြည့်အဖြစ် စိန်ဖူးတော်တင်လှူပူဇော်မည်ဖြစ်သည်။

နှစ်(၉၀၀)ပြည့်အထိမ်းအမှတ်အဖြစ် စိန်ဖူးတော်၊ ရတနာကပ်နှင့် ရွှေသားငှက်မြတ်နားတော်၊ ရွှေဆည်းလည်း၊ ကြေးဆည်းလည်း၊ ဗုဒ္ဓပူဇာရတနာများကို ၁၃၇၉ ခုနှစ် နယုန်လဆန်း ၈ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အသစ် တစ်ဖန်ပြန်လည်တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ စိန်ဖူးတော်တင်ခြင်း အခမ်းအနားတွင် ဒေဝါဝင်း၊ ရာဇာဝင်း၊ ပုဂံဝင်းတို့နှင့်လည်းကောင်း၊ မန္တလေးမြို့နှင့်စိန်မွတ်တား မင်္ဂလာဆိုင်းအဖွဲ့တို့နှင့်လည်းကောင်း၊ တေးသံရှင် အဆိုတော်ရီရီသန့်တို့နှင့်အတူ ဖျော်ဖြေဧည့်ခံပြီးစိန်ဖူး တော်တင်ခြင်းအခမ်းအနား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တစ်ဆက်တည်း နှစ်(၉၀၀)ပြည့် ဘုရားပွဲတော်ကိုလည်း နယုန်လဆန်း ၉ ရက်နှင့် ၁၀ ရက်ညများတွင် ရန်ကုန်မြို့ မြန်မာ့ဂုဏ်ရည်ဦးထွန်းကြည် ဦးစီးသော ရွှေရတနာရုပ်စုံဇာတ်တော်ကြီးခေါ် ရုပ်သေးပွဲများနှင့်လည်းကောင်း၊ နယုန်လဆန်း ၁၄ ရက်ညမှ လပြည့်ကျော် ၃ရက်ညအထိ တင်မောင်ဆန်းမင်းဝင်း မြန်မာ့ဇာတ်သဘင်အဖွဲ့နှင့်လည်းကောင်း၊ နယုန်လပြည့်ကျော် ၇ ရက်မှ ၁၁ ရက်အထိ ဖိုးချစ်မြန်မာ့ဇာတ်သဘင်အဖွဲ့တို့နှင့်လည်းကောင်း ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ရုံးမှသိရသည်။

**ကျော်ဌေး(ညောင်ဦး)**

## ဟင်္သာတစည်ပင်မှ မြို့တွင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ဆောင်ရွက်



**ဟင်္သာတ မေ ၂၁**
ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း၌ မိုးရာသီရေကြီး၊ ရေဝပ်မှုကင်းဝေးစေရေးအတွက် ရေနုတ်မြောင်းများတူးဖော်နေပြီး မေ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံဝန်ထမ်းများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရှိ ကွန်ကရစ်ရေထုတ်ပြွန်ခြောက်ခု၊ ပင်မအဓိကရေနုတ်မြောင်းနှင့် လမ်းဘေးရေမြောင်းအရှည်ပေ ၄၁၀၂၀၊ ဈေးရေနုတ်မြောင်းပေ ၄၀၀၀ နှင့် လမ်းဘေးရေမြောင်းပေ ၂၈၄၅၀ စုစုပေါင်းရေနုတ်မြောင်းပေ ၇၃၄၇၀ အား အဖွဲ့ပိုင်ဘက်ဟိုးများဖြင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်းသိရပြီး တူးဖော်ရန်ကျန်ရှိသည့် ရေနုတ်မြောင်းနှင့် ကွန်ကရစ်ရေထုတ်ပြွန်တို့အား ယခုလအတွင်း ပြီးစီးအောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ကျော်ကျော်(ဟင်္သာတ ပြန်/ဆက်)**

## အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူး၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၂၁**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ကြက်ခြေနီအသင်းမှကြီးမှူး၍ အကြောင်းအမျိုးမျိုးကြောင့် နေ့ဘက်တွင် လုပ်ငန်းခွင်ဝင်ရောက်နေပြီး မအားလပ်သူများအား ထိခိုက်လွယ်သူများအတွက် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း (ညပိုင်း) (၁/၂၀၁၇) ဖွင့်လှစ်ပွဲကို မေ ၁၈ ရက် ည ၇ နာရီခွဲတွင် ဈေးကုန်းအရှေ့ရပ်ကွက် အ. မ. က (၂)ကျောင်းစာသင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်တို့က မွန်မြတ်ဖြူစင်သောလုပ်ငန်းများဖြစ်သည့်အတွက် ကြက်ခြေနီသင်တန်းများသို့ လူငယ်မောင်မယ်များ ဝင်ရောက်လုပ်ဆောင်ရေးနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးပထမတန်း (လေ့ကျင့်) ဦးသိန်းဝင်းက သဘာဝဘေးအန္တရာယ်နှင့် လူကြောင့်ဖြစ်သော မတော်တဆဖြစ်မှုများတွင် အခြေခံအလုပ်သမားများ၊ ရပ်ကွက်နေမိသားစုများ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းခွင်ဆောင်ရွက်ရေး ထိခိုက်မှုများတွင် ရှေးဦးပြုစုခြင်းကို စနစ်တကျအသုံးချတတ်စေရန်ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ အင်းစိန်မြို့နယ်ရှိ ရပ်ကွက်များနှင့် အဖြူရောင်မေတ္တာ ပရဟိတအဖွဲ့တို့မှ လူငယ်မောင်မယ် သင်တန်းသား၊ သင်တန်းသူ ၃၃ ဦး တက်ရောက်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း(အင်းစိန်)**

## ညောင်ဦးမြို့နယ်၌ ၂၀၁၇ ခုနှစ် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးသွားမည်

**ညောင်ဦး မေ ၂၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသည့် တောင်သူများအား မိုးရွာသွန်းသည့်အချိန် သီးနှံစိုက်ပျိုးရာ၌ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မေ ၂၃ ရက်တွင် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူများလက်ဝယ်အရောက် စတင်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးပေးရသည့် ကျေးရွာအုပ်စု ၇၃ အုပ်စုရှိပြီး ထုတ်ချေးပေးရမည့်ကျေးရွာအုပ်စုများမှ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ဆောလျင်စွာပေးဆပ်နိုင်သည့် ကျေးရွာအုပ်စုများကို အမှတ်စဉ်အတိုင်း စာရင်းရေးသွင်းထားရှိပြီး ချေးငွေပြန်လည်ထုတ်ချေးပေးချိန်တွင် ဦးစွာထုတ်ချေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများ သီးနှံစိုက်ပျိုးရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရပြီး ထိုသို့တိုးမြှင့်ထုတ်ချေးပေးမှုအစီအစဉ်တွင် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံစိုက်ပျိုးသည့်တောင်သူများကို ယခင်နှစ်က တစ်ဧက ငွေကျပ် ၂၀၀၀၀ ထုတ်ချေးပေးခဲ့ရာမှ ယခုနှစ်တွင် တစ်ဧက ငွေကျပ် ၅၀၀၀၀ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၃ အုပ်စုမှ တောင်သူဦးရေ ၁၃၀၀၀ ခန့်အား ချေးငွေကျပ်သိန်းပေါင်း ၄၇၄၃၇ ဒသမ ၅၀ ထုတ်ချေးပေးရန် လျာထားဆောင်ရွက်ထားရှိပြီး စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက်မှစတင်ကာ တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ရုံးဖွင့်သည့်နေ့တိုင်း စဉ်ဆက်မပြတ် ထုတ်ချေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာ ဦးငွေထွန်းက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ( ၂၁ ) ရာစုပင်လုံ ( ဒုတိယအစည်းအဝေး )ကိုကြိုဆိုထောက်ခံပွဲနှင့် ငြိမ်းချမ်းရေးဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနား ထီးချိုင့်၌ကျင်းပ



**ထီးချိုင့် မေ ၂၁**
မေ ၂၄ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ( ဒုတိယအစည်းအဝေး) ကို ကြိုဆိုထောက်ခံပွဲနှင့် ငြိမ်းချမ်းရေးဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကြိုဆိုထောက်ခံပွဲကို နံနက် ၉ နာရီက ရွှေမင်းဝံ(၃)ဧည့်ရိပ်သာမှ ဗိုလ်ချုပ်လမ်းအတိုင်းမြို့တွင်းသို့ စီတန်းလှည့်လည်ခဲ့သည်။ စီတန်းလှည့်လည်ရာတွင် ကျေးရွာအုပ်စု ၃၃ အုပ်စုမှ လူထုအင်အား ၄၅၀ ကျော်သည် “နိုင်ငံအဝှမ်းငြိမ်းချမ်းဖို့ (၂၁) ရာစုပင်လုံညီလာခံထောက်ခံစို့ ”၊ “(၂၁) ရာစုပင်လုံညီလာခံ အောင်ရမည်” ဟုပါရှိသော ဗီနိုင်းဆိုင်းဘုတ်များကိုင်ဆောင်၍ အဆိုပါကြွေးကြော်သံများရွတ်ဆိုကာ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံသို့ လှည့်လည်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံတွင် (၂၁) ရာစုပင်လုံအားကြိုဆိုထောက်ခံသည့် ၃ ပေ × ၈ ပေ ရှိဗီနိုင်းဆိုင်းဘုတ်အား စိုက်ထူကြသည်။ ဆက်လက်၍ လူထုမှ နိုင်ငံတော်အလံကိုအလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခဲ့ကြကြောင်းသိရသည်။

**ကျော်ခဲ(မြို့နယ်ပြန်/ဆက်)**



## ဂျိန်းစ်မက်သရူးစ်နဲ့ ပိုက်ပါမစ်ဒယ်လ်တန်တို့ရဲ့ မင်္ဂလာပွဲကျင်းပ

ကမ်းဘရစ်ချ်မြို့စား ဝီလျံရဲ့ကတော်ဖြစ်သူ ကိတ်မစ်ဒယ်လ်တန်ရဲ့ ညီမဖြစ်တဲ့ ပိုက်ပါမစ်ဒယ်လ်တန်ဟာ သူနဲ့စေ့စပ်ထားသူ ဂျိန်းစ်မက်သရူးစ်နဲ့ လတ်တလောမှာ လက်ထပ်ပွဲဆင်နွှဲလိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၀မှာတော့ ဂျိန်းစ်မက်သရူးစ်နဲ့ ပိုက်ပါမစ်ဒယ်လ်တန်တို့ဟာ အင်္ဂလန်မှာရှိတဲ့ စိန့်မာ့ခ်ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ပွဲဆင်နွှဲခဲ့ကြတာဖြစ်ပြီး ယင်းမင်္ဂလာအခမ်းအနားသို့ တော်ဝင်မိသားစုဝင်တွေဖြစ်ကြတဲ့ မြို့စား ဝီလျံ၊ ကိတ်မစ်ဒယ်လ်တန်နဲ့ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက်သုံးနှစ်အရွယ် မင်းသားလေး ဂျော့ဂျ်နဲ့ နှစ်နှစ်အရွယ်မင်းသမီးလေး ရှားလော့ဒ်တို့လည်း အတူတက်ရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် မင်းသားဟယ်ရီကလည်း ချစ်သူဖြစ်တဲ့ သရုပ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်နဲ့အတူ တက်ရောက်ချီးမြှင့်ခဲ့ကြကြောင်းလည်း သိရပါတယ်။

ကားမောင်းပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ခဲ့ဖူးပြီး လတ်တလောမှာတော့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဂျိန်းစ်မက်သရူးစ်နဲ့ ပိုက်ပါမစ်ဒယ်လ်တန်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြပြီးနောက် ခေတ္တလမ်းခွဲခဲ့ကြပါသေးတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း အချစ်ခရီးကို တစ်စခန်းဆက်ခဲ့ကြပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ တရားဝင်စေ့စပ်ခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



## လာမယ့်နွေဦးမှာ လက်ထပ်တော့မှာဖြစ်ကြောင်း သတင်းတွေထွက်နေတဲ့ မင်းသားဟယ်ရီနဲ့ မက်ဂန်မာကယ်လ်

ဝေလမင်းသားချားစ်ရဲ့သားဖြစ်တဲ့ မင်းသားဟယ်ရီဟာ လက်ရှိမှာ လက်တွဲနေတဲ့ချစ်သူ မက်ဂန်မာဂယ်လ်နဲ့ လာမယ့်နွေဦးမှာ လက်ထပ်သွားတော့မှာဖြစ်တယ်လို့ သတင်းတွေပေါ်ထွက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၃၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားဟယ်ရီနဲ့ "The Suits"ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်တို့ဟာ ချစ်သူတွေအဖြစ် လက်တွဲလာခဲ့ကြတာ အချိန်အတော်ကြာခဲ့ပြီးနောက် နှစ်ဦးအကြားက ဆက်ဆံရေးဟာလည်း ပိုမိုခိုင်မာလာခဲ့ပြီဖြစ်ကာ လတ်တလောမှာတော့ မင်္ဂလာကိစ္စအတွက် ဆွေးနွေးမှုတွေရှိလာတာဖြစ်တယ်လို့လည်း သိရပါတယ်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကိုတော့ လန်ဒန်မြို့မှာ ကျင်းပသွားဖို့ စီစဉ်ထားကြောင်းနဲ့ ပြီးခဲ့တဲ့လအတွင်းက ဂျမေကာနိုင်ငံမှာ အတူရှိနေစဉ် လက်ထပ်ခွင့် တိတ်တဆိတ်တောင်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ မင်းသားနဲ့ လတ်တလောမှာ အသက်(၃၅)နှစ်ခန့်ရှိပြီဖြစ်တဲ့ မက်ဂန်မာကယ်လ်တို့ဟာ လာမယ့် ၂၀၁၈ ခုနှစ် နွေဦးရာသီမှာ လက်ထပ်ပွဲကျင်းပသွားဖို့ စီစဉ်နေကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

## ကြည့်ရှုသူ ၇၅ သန်းကျော်သွားပြီဖြစ်တဲ့ Super Junior ရဲ့ "Sorry Sorry"

တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Super Junior ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Sorry Sorry"ဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ကြည့်ရှုသူပရိသတ် ၇၅သန်းကျော် ရရှိထားနိုင်ခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးသီချင်းဟာ Super Junior အဖွဲ့အတွက် ပရိသတ်တွေရဲ့ အသိအမှတ်ပြုမှုကို စတင်ယူဆောင်လာပေးတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး "Sorry Sorry"ကို ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကာ လတ်တလောအချိန်မှာ အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ ယူကျူပေါ်မှတစ်ဆင့် ကြည့်ရှုသူ ၇၅သန်းကျော်ခဲ့တာဖြစ်ပါတယ်။

